# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (4-1-2023) ၊ အတွဲ (၃၀) ၊ အမှတ် (၂၄၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ''ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ'' (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

**၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။**

ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်
အယ်ဒီတာ့အာဘော်

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိခဲ့သည့်အပြင် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ထည်စွာရပ်တည်ခဲ့ကြသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်းလွှမ်းမိုးကြီးစိုးလာသော ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည်လည်း အချို့သောနိုင်ငံများကဲ့သို့ ၁၉ ရာစုနှောင်းပိုင်းမှစ၍ ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်သိမ်းပိုက်ခြင်းခံခဲ့ရပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။

အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို သက်စွန့်ကြိုးပမ်း တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပြီး ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်သည်။

တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းရယူနိုင်ခဲ့သည့် လွတ်လပ်ရေးသည် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ နှလုံးသည်းပွတ်ရတနာပင်ဖြစ်သည်။ မိမိနိုင်ငံအတွက် အမြဲမမေ့အပ်သည့် နေ့ထူးနေ့မြတ်လွတ်လပ်ရေးနေ့ အစဉ်ထာဝရ တည်တံ့စေရန်အတွက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို နှစ်စဉ် အလေးအနက်ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး၊ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" **(Keep Moving Forward to Achieve Our Goal)** ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးတို့ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရသည်။ အသက်ပေါင်းများစွာလည်း ပေးဆပ်ခဲ့ရသည်။ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေး ဆုံးရှုံးရသည်ထက် ကြီးမားသည့်ဆုံးရှုံးမှုမရှိသောကြောင့် မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံးတွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝတာဝန်ရှိသည်။

သို့ဖြစ်ရာ ယခုကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှစ၍ ရတုအဆက်ဆက်တိုင် လွတ်လပ်ရေးအစဉ်ထာဝရတည်တံ့စေရန်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်အပေါင်းတို့က သွေးစည်းညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဧရာဝတီမြစ် ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၄၈၀ စတင်စိုက်ထူ



**မန္တလေး ဇန်နဝါရီ ၃**

ဧရာဝတီမြစ် ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားအခုရေ ၄၈၀ စတင်စိုက်ထူလျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် ချောက်-တကောင်း ရေလမ်းကြောင်း တစ်လျှောက် သင်္ဘောများ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၂၈၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၄၈၀ ကို ယနေ့မှစ၍ စတင်စိုက်ထူ ပြသပေးလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ချောက်-တကောင်း ရေလမ်းကြောင်းမှာ သင်္ဘောတွေ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့ ဒီနေ့ကစပြီးတော့ ရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပေးနေပါပြီ"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ဧရာဝတီမြစ် မန္တလေး-တကောင်းရေလမ်းကြောင်း တစ်လျှောက်တွင်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၃၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၅၀ စုစုပေါင်းရေလမ်းညွှန်အမှတ်အသား အခုရေ ၂၈၀ စိုက်ထူပြသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် သောင်ထွန်းမှုများ ဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြသည့် ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘောများအနေဖြင့် အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်၌ ဆောင်းနှောင်းအထူးစိုက်ဧက ၁၆၇၅ ဧကအတွက် ငွေကျပ်သန်း ၂၅၀ ကျော် ချေးပေးထား

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်၌ တောင်သူများကို ဆောင်းနှောင်း အထူးစိုက်ဧက ၁၆၇၅ ဧကအတွက် ငွေကျပ်သန်း ၂၅၀ ကျော် ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းနှောင်း အထူးစိုက်ပျိုးသည့် တောင်သူများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ မြို့နယ် ခြောက်မြို့နယ်အတွင်း ကျေးရွာ ၂၅ ရွာမှ တောင်သူ ၃၇၆ ဦး၏ စိုက်ဧက ၁၆၇၅ ဧကအတွက် ချေးငွေကျပ် ၂၅၁ ဒသမ ၂၅ သန်းကို ချေးပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနှောင်း အထူးစိုက်တဲ့ တောင်သူတွေကို ဆက်စပ်ဌာနတွေရဲ့ထောက်ခံချက်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ထုတ်ချေးပေးတာပါ။ ထုတ်ချေးငွေတွေကိုလဲ အောက်တိုဘာလ ပထမပတ်ကနေ ချေးပေးခဲ့တာပါ။ ဒီနေ့ဆိုရင် အားလုံးချေးပေးပြီးပါပြီ။ ပြန်လည်ကောက်ခံမဲ့ကာလကိုတော့ ၂၀၂၃ ခုနှစ် စက်တင်ဘာလ သတ်မှတ်ထားပါတယ်။ တောင်သူတွေကို အတိုးနှုန်းသက်သာစွာနဲ့ ဘဏ်က ချေးပေးပါတယ်။ မြို့နယ် ခြောက်မြို့နယ်က ဆောင်းနှောင်းစိုက်ပျိုးတဲ့တောင်သူတွေကို အဓိက ထုတ်ချေးပါတယ်။ တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်တွေရရှိစေဖို့နဲ့ အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ ဆောင်းနှောင်းအထူးစိုက်ပျိုးဧကများအတွက် ချေးပေးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း ချေးပေးခဲ့ကြောင်း၊ ထိုသို့ထုတ်ချေးပေးသည့် မြို့နယ်များမှာ ကျောက်ဆည်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့်ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေး ဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ယခုလက်ရှိ မြစ်သားဘက်မှထွက်ရှိသည့်ကြက်သွန်နီများကို ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေတဲ့ ကြက်သွန်နီအမျိုးအစားထဲမှာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ နောက်ဆုံးပတ်က မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇန်နဝါရီ ၁ ရက် ပေါက်ဈေးအရ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာတော့ အခုလက်တလော မြစ်သားဘက်က ထွက်ရှိတဲ့ ကြက်သွန်နီက ဈေးအကောင်းဆုံး အနေအထားမှာ ရှိနေတယ်။ မြင်းခြံဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ် ပုံမှန်အတိုင်းပဲ ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၀၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ(ဆပ်ပြာ)သင်တန်းဖွင့်

**ပင်းတယ ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားကုန်းကျေးရွာအုပ်စု ကျားကုန်းခေတ်မီစံပြကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ (ဆပ်ပြာ)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမများက သင်တန်းတွင် သင်ကြားမည့် သင်ခန်းစာများနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြုလူသုံးကုန်ထုတ်လုပ်မှုနည်းပညာ (ဆပ်ပြာ)သင်တန်းကို ကျားကုန်းခေတ်မီစံပြကျေးရွာ၊ တည်ပင်ကျေးရွာနှင့် ဘုရားဖြူကျေးရွာတို့မှ သင်တန်းသူ ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည်၊ ဆပ်ပြာမြုလုပ်နည်း စသည့် ဘာသာရပ်အမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၆ ရက်ထိ ငါးရက်ကြာ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

# သထုံမြို့နယ် ဒဂ်ီးဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**သထုံ ဇန်နဝါရီ ၃**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒဂ်ီးဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝေထွန်း (နည်းပညာ)၊ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဒဂ်ီးဆိပ်ကျေးရွာ၌ လမ်းအရှည်ပေ ၉၃၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဒဂ်ီးဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၃ သန်းဖြင့် ရတနာဒွေးကြွယ်ကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ပြောပြ၍ သိရသည်။

**မောင်နိုင်**

# ဒေးဒရဲမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၇၄၇၉၇ ဧက ရိတ်သိမ်းပြီးစီး



**ဒေးဒရဲ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၇၄၇၉၇ ဧက ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါး ၁၇၄၇၉၇ ဧကကို ဇွန်လ ပထမပတ်က စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးဧကအားလုံး ပြန်လည်ရိတ်သိမ်းခဲ့ပြီး မိုးစပါးတစ်ဧကလျှင် တင်း ၉၀ ထွက်ရှိကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးတွေလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု စိုက်ပျိုးခဲ့တဲ့ မိုးစပါးတွေ အားလုံး ပြန်လည်ရိတ်သိမ်းပြီးဖြစ်တယ်။ တောင်သူတွေ မိုးစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သွင်းအားစုတွေကအစ ပံ့ပိုးပေးခဲ့ပါတယ်။ မိုးစပါးကို အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ရွှေခရုကျရောက်မှုမရှိစေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးခဲ့တဲ့အတိုင်း အခု ပြန်လည်ရိတ်သိမ်းတဲ့အခါ စပါးတွေ အထွက်နှုန်းကောင်းပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါး ၁၇၄၇၉၇ ဧကကို အခက်အခဲမရှိ စိုက်ပျိုးရန်အတွက် ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒေးဒရဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြကြောင်း၊ ယခု ပြန်လည်ရိတ်သိမ်းရာတွင်လည်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းရိတ်သိမ်းခဲ့ပြီး မိုးစပါးတစ်ဧကလျှင် တင်း ၉၀ ထွက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုးမိတ်မြို့နယ် မန်ဖွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လယ်ကြီးကျေးရွာအုပ်စု မန်ဖွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သဏ္ဍာန်အကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေသဏ္ဍာန်အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၃ ဦးကို ငွေကျပ် ၄၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**မိုးညှင်း ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ရာသီမရွေးကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ချောင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ချောင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအလေးထားဆောင်ရွက်ရန် ကုမ္ပဏီတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ချောင်းဝကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ချင်းမြေခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတားတစ်စင်း၊ Box Culvert တစ်စင်းနှင့် ရေပြွန်သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ ဒသမ ၅၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Northern Jade Land ကုမ္ပဏီက အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက လယ်မြေ ၆၀၀၉ ဧကနှင့် လူ ၁၆၃၀ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချမ်းဦးကို**



# ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စု

စိုးဝင်းလ

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၄ ရက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် ကျွန်တော်တို့မြန်မာနိုင်ငံ၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ပင်ဖြစ်ပါသည်။ လွတ်လပ်ရေးနေ့ဟု ဆိုလိုက်လျှင် ငယ်စဉ်ကပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုရုံးပျော်ရွှင်ခဲ့ကြသည့်အဖြစ်ကို အမှတ်ရမိပါသည်။ ကျွန်တော်တို့ငယ်စဉ်က လွတ်လပ်ရေးနေ့ရောက်တိုင်း ရပ်ကွက်ထဲ၌ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးအဖွဲ့များက ဦးစီး၍ ပျော်ပွဲရွှင်ပွဲများကျင်းပကြရာ ရပ်ကွက်အလယ်ရှိ အားကစားကွင်းထဲတွင် ပိတ်ကားထောင်၍ ခေတ်ဟောင်းမြန်မာရုပ်ရှင်ကားများ ညလုံးပေါက်ပြသခြင်း၊ ပိတ်ကားနံဘေးတွင် ပွဲဈေးတန်းကဲ့သို့ မုန့်ဆိုင်တန်းများဖြင့် စည်ကားသိုက်မြိုက်စွာ မိသားစုလိုက် တပျော်တပါးကြည့်ရှုခဲ့ကြသည်ကို လွမ်းဆွတ်မိပါသည်။ ရုပ်ရှင်ကားများကို ရုပ်ရှင်ရုံတွင် သွားကြည့်၍ ရသော်လည်း ယခုကဲ့သို့ မိမိတို့အိမ်အနီး ပိတ်ကားရှေ့နေရာရရန် အလုအယက်နေရာဦးကာ ရုံမတင်တော့သည့်ဇာတ်ကားဟောင်းများကိုကြည့်ရသည်မှာ အရသာတစ်မျိုးပင်။ မိမိတို့၏ ပတ်ပတ်လည်ရှိပရိသတ်များမှာလည်း တစ်ရပ်ကွက်တည်းသား၊ တစ်လမ်းတည်းသားများပင်ဖြစ်၍ အထူးအားနာရန်မလို ရင်းနှီးမှုများပိုခဲ့ကြသည်။ ရုပ်ရှင်ကြည့်ရင်း ပွဲဈေးလျှောက်ကာ အိမ်တွင်းပုန်းမများကို မိသားစုမသိအောင် ရှိုးတိုးရိပ်တိတ်ပိုးပန်းဟန်ရေးပြနေကြသော အစ်ကိုကာလသားတို့ကလည်း တဖွဲ့တနွဲ့တစ်ဇာတ်လမ်းပင်။

ကျွန်တော်တို့ပျော်သည်က ဤတစ်ခုတည်းပင် မဟုတ်ပါချေ။ လွတ်လပ်ရေးနေ့တွင် ရုံးများ၊ ကျောင်းများ၊ အလုပ်များအားလုံးပိတ်ပါသည်။ ရပ်ကွက်ထဲတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပကြရာ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ထုပ်ဆီးတိုး အစရှိသည့် အဖွဲ့လိုက်အားကစားနည်းများကို လွတ်လပ်ရေးနေ့မတိုင်မီကပင် အုပ်စုလိုက်ပွဲစဉ်များကြိုတင်ကျင်းပ၍ လွတ်လပ်ရေးနေ့မှသာ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများပြုလုပ်လေ့ရှိပြီး မုန့်စားပြိုင်ပွဲ၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ တာတိုအပြေး၊ တာလတ်အပြေး၊ သံပုံးရိုက် အစရှိသည့် တစ်ဦးချင်းပြိုင်ပွဲများကို လွတ်လပ်ရေးနေ့နံနက်ခင်းမှစ၍ တအုန်းအုန်း တရှန်းရှန်းနှင့် ပြေးကြ၊ ဆော့ကြ၊ ပြိုင်ပွဲဝင်ကြ၊ အားပေးကြနှင့် ကျင်းပပြုလုပ်လေ့ရှိရာ အခြားအချိန်များတွင် ကစားခုန်ကစားခြင်း၌ စည်းကမ်းတင်းကျပ်တတ်သော မိဘများကိုယ်တိုင်အားပေးခွင့်ပြုမှုဖြင့် လွတ်လပ်ရေးနေ့ မတိုင်မီကပင် အပေါင်းအသင်းများနှင့်အတူ အားကစားပြိုင်ပွဲ၌ ပါဝင်ရခြင်းကို ခုံမင်ပျော်ရွှင်ခြင်းပင်ဖြစ်ပါသည်။ အနိုင်အရှုံးသည် အဓိကမကျလှဘဲ နိုင်သူလည်းပြုံး၊ ရှုံးသူလည်းပျော်နှင့် ချစ်ကြည်ရင်းနှီးမှုပိုစေသော အချိန်ကာလများပင်ဖြစ်ပါသည်။ ထိုထိုသောအကြောင်းများကြောင့်ပင် လွတ်လပ်ရေးနေ့ဟုဆိုလျှင် ကျွန်တော်တို့စိတ်ထဲတွင် အလိုလိုလွတ်လပ်ပေါ့ပါး၍ ပျော်ရွှင်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။

တကယ်တော့ ကျွန်တော်တို့ကိုပျော်ရွှင်စေသော လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာရသောသမိုင်းကြောင်းမှာ ပန်းခင်းလမ်းမဟုတ်ပါချေ။ ကျွန်တော်တို့၏ အဘိုး၊ အဘေးများ၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာကို အရင်းအနှီးပြုပြီးမှ ရရှိဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးနေ့ဟူသည် အချုပ်အခြာအာဏာပိုင်စိုးမှုကို တိုင်းတစ်ပါးလက်အောက်၌ ကျရှုံးနေသည့်အခြေအနေမှ လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ်သို့ ရောက်ရှိသောနေ့ကို သတ်မှတ်ကြသည်ပင်ဖြစ်ပါသည်။ တိုင်းတစ်ပါး၏ အုပ်ချုပ်မှုအောက်တွင်နေခဲ့ရသော၊ လူချင်းတူလျက် လူ့အောက်ကျခဲ့ရသော ကျွန်တော်တို့ဘိုးဘွားများအဖို့မှာ လွတ်လပ်ရေးနေ့သည် အသက်တမျှတန်ဖိုးရှိမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ လွတ်လပ်ပြီးခေတ်မှသာ လူဖြစ်လာသော ကျွန်တော်တို့လိုလူငယ်များအဖို့ အဘိုး၊ အဘွားတို့၏ အိပ်ရာဝင်ပုံပြင်များမှ တစ်ဆင့် သမိုင်းစာမျက်နှာများကို လေ့လာဖတ်ရှုခံစားကြည့်မှသာလျှင် လွတ်လပ်ရေးနေ့၏ စစ်မှန်သော အရသာကို ခံစားနိုင်မည်ဖြစ်ပေသည်။

သမိုင်းကြောင်းကိုပြန်ကြည့်ရရင်ဖြင့် ၁၈၂၄ ခုနှစ်တွင် ကိုလိုနီနယ်မြေချဲ့ထွင်လို၍ အကြောင်းရှာနေသော ဗြိတိသျှတို့သည် ရှင်မဖြူကျွန်းအရေးကို အကြောင်းပြု၍ ပထမကျူးကျော်စစ်ကိုဆင်နွှဲခဲ့ရာ ရခိုင်၊ မဏိပူရ၊ အာသံစစ်မျက်နှာတွင် မြန်မာတို့ အောင်ပွဲဆင်နိုင်ခဲ့သော်လည်း ပင်လယ်ရေကြောင်းမှ ဝင်ရောက်တိုက်ခိုက်လာလိမ့်မည်ဟု မျှော်လင့်မထားခြင်းကြောင့် ဗြိတိသျှစစ်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာချိန်တွင် အံ့အားသင့်လျက် မြို့စောင့်တပ်မျှသာရှိသောရန်ကုန်သည် အလွယ်တကူကျဆုံးခဲ့ပါသည်။

❖ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဘိုးဘေးတို့၏ကျေးဇူးကြောင့် လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုနှစ် ဇန်နဝါရီ ၃ ရက် ညတွင် ရန်ကုန်မြို့တစ်မြို့လုံးမအိပ်နိုင်ဘဲ လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ်သို့ ကြေညာမည့်အချိန်ကို စိတ်အားထက်သန်စွာဖြင့် မျှော်လင့်ရင်ခုန်ကြရင်း ညလုံးပေါက်မီးထွန်း၍ စောင့်စားနေကြပြီး နံနက်စောစောချမ်းချမ်းစီးစီးတွင် နိုင်ငံတော်အလံလွှင့်ထူမည့်နေရာသို့ အားလုံးစုဝေးရောက်ရှိလာကြသည်ဟူ၏။ ❖

သတ္တိသွေးမနည်းသောမြန်မာတို့သည် ခံတပ်အဆင့်ဆင့်ဖြင့် ရှုပ်ရှပ်ချုံချုံခုခံခဲ့သော်လည်း လက်နက်စနစ် အင်အားကွာခြားမှုကြောင့် အရေးနိမ့်ခဲ့ရပြီး ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန္တပို စာချုပ်ချုပ်ဆိုကာ ရခိုင်နှင့် တနင်္သာရီနယ်တို့ကို လက်လွှတ်ဆုံးရှုံးခံ၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ပြီးဆုံးခဲ့ရသည်။

ထို့နောက် ၂၇ နှစ်အကြာ ၁၈၅၂ ခုနှစ်တွင် အခွန်ရှောင်သည်ဟုသံသယရှိသော ဗြိတိသျှသင်္ဘောကပ္ပတိန်နှစ်ဦးကို ရန်ကုန်မြို့ဝန်က ဒဏ်ရိုက်ခြင်းကိုအကြောင်းပြု၍ တစ်ဖက်သတ်တောင်းဆိုချက်များနှင့်အတူ ဗွတ်အတင်းစစ်ခင်းလာခဲ့ရာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားခဲ့ရပါသည်။ စစ်ပွဲမှာ အချိန်တိုအတွင်းပြီးဆုံးခဲ့သည်။ နှစ်ပေါင်း ၃၀ နီးပါးကာလအတွင်း အလျင်အမြန်တိုးတက်လာသော ဗြိတိသျှတို့၏ လက်နက်နည်းပညာများကိုမယှဉ်နိုင်ခဲ့။ ၁၈၅၃ ခုနှစ်တွင် စစ်ပွဲပြီးဆုံး၍ အကျိုးဆက်အနေဖြင့် အောက်မြန်မာနိုင်ငံကို ထပ်မံဆုံးရှုံးခဲ့ရပြန်ပါသည်။

၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်လာချိန်တွင် ဗြိတိသျှတို့၏အန္တရာယ်ကိုမြော်တွေးကာ ပြင်သစ်၊ အီတလီ အစရှိသောဥရောပနိုင်ငံများသို့ သံအရာရှိများစေလွှတ်၍ မဟာမိတ်ပြုနိုင်ရေး ကြိုးပမ်းခဲ့ပါသည်။ ဗြိတိသျှအစိုးရအနေဖြင့် မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရန် ယခင်ကပင် ဆုံးဖြတ်ထားပြီးဖြစ်ရာ အချိန်မရွေး အကြောင်းပြသိမ်းပိုက်နိုင်ရန်အလို့ငှာ မြန်မာအစိုးရနှင့် မြန်မာလူမျိုးတို့အပေါ် အခြားနိုင်ငံများက အထင်လွဲမေတ္တာပျက်စေရန် မဟုတ်မမှန်သတင်းများကို ဥရောပတိုက်ရှိသတင်းစာများတွင် မကြာခဏဖော်ပြခဲ့သည်။ ဥရောပတိုက်ရှိ မြန်မာသံအရာရှိမင်းများလည်း မကြာခဏ မဟုတ်မှန်ကြောင်း ဖြေရှင်းခဲ့ကြရသည်။ အကြောင်းရှာနေသောဗြိတိသျှတို့အတွက် ဘုံဘေ-ဘားမားသစ်ကုမ္ပဏီ၏ သစ်ခိုးမှုကိစ္စပေါ်ပေါက်လာသည့်အခါ အချိုးရှာသကာတွေ့ဖြစ်ကြလေသည်။ စစ်ဖြစ်လျှင် နိုင်ငံသားများနစ်နာမည့်အရေးကိုတွေးလျက် သစ်ခိုးမှုအတွက်ဒဏ်ရိုက်ခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သော်လည်း ကိစ္စမပြီးတော့ချေ။ "မြန်မာနိုင်ငံနှင့် အခြားနိုင်ငံဆက်ဆံလိုလျှင် အင်္ဂလိပ်အစိုးရသဘောတူမှဆက်ဆံရန်" ဟူသော အမှုကိစ္စနှင့်မသက်ဆိုင်သည့် တောင်းဆိုချက်များပါဝင်သည့် တစ်ဖက်သတ်တောင်းဆိုမှုများ ပြုလာခဲ့သည်။ မြန်မာတို့ဘက်မှ ခုနှစ်ရက်အတွင်း သဘောတူညီမှုတို့ကို ပြန်ကြားခဲ့သော်လည်း မကျေနပ်သဖြင့် အသင့်ပြင်ဆင်ထားသော ဗြိတိသျှအင်္ဂလိပ်စစ်တပ်များမှာ မြို့ရွာများကို ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြင့် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ စတင်ဖြစ်ပွားတော့သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာတို့ အားမတန်တော့သဖြင့် ဘုရင့်အမိန့်တော်အရ လက်နက်ချအရှုံးပေးလိုက်ရသည်။ ထိုမှစ၍ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝလုံးလုံးရောက်ခဲ့ရလေသည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပွားမှုကို လေ့လာကြည့်ပါလျှင် ပထမအကြိမ်စစ်ပွဲသည် မြန်မာတို့ ဇာတိမာန်တက်ကြွ၍ ဂုဏ်တောက်နေချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်နက်စနစ်နှင့် နည်းဗျူဟာကွာဟချက်ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်စစ်ပွဲများကတော့ စစ်ကိုလိုလား၍ အနိုင်ကျင့်ဗိုလ်ကျလိုသူ အင်္ဂလိပ်တို့၏ စစ်မဖြစ်ဖြစ်အောင်ကျူးသွင်း၍ အဓမ္မစစ်ခင်းကျူးကျော်ခြင်းကြောင့် စစ်ပွဲဖြစ်ပွားကာ ရှုံးနိမ့်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ စစ်အတွင်း အဓိကကွာခြားချက်မှာ လက်နက်စနစ်ပင်ဖြစ်ပြီး ထိုအချက်ကို ကြိုတင်သိမြင်၍ ပြင်ဆင်ဖြည့်စွက်နိုင်ရေး ကြိုးပမ်းခဲ့သော မင်းတုန်းမင်းနှင့် ကနောင်မင်းသားကြီးတို့၏ အိပ်မက်သည်လည်း ဘေးပယောဂအပေါ် ယံများ၍ သွေးသားချင်းသတ်ဖြတ်ခဲ့ကြသော မြင်ကွန်း၊ မြင်းခုံတိုင်အရေးတော်ပုံကြောင့် လေ့လျော့ရင်းတက်ကျိုးဖြစ်ခဲ့ကြရသည်။

ဆုံးရှုံးသွားသောအရာဟူသမျှသည် လွယ်လင့်တကူပြန်ရရိုးမရှိပါချေ။ ထိုထဲတွင် နိုင်ငံ၏လွတ်လပ်ရေးဆုံးရှုံးမှုသည် ပြန်လည်ရရှိရန် သာ၍ပင်ခက်ခဲပါသည်။ တိုင်းတစ်ပါးလက်အောက်ခံအဖြစ် မနေလိုကြသည့် မြန်မာမျိုးချစ်သူရဲကောင်းအဆက်ဆက်က နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ရရာလက်နက်စွဲကိုင်၍ တွန်းလှန်ခဲ့ကြသော်လည်း အားမတန်သည့်အတွက် တွန်းလှန်မှုကို တစ်ခန်းရပ်ခဲ့ရသည်။ ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှတစ်ဆင့် မြန်မာအသင်းချုပ်ကြီး(GCBA)တို့ ပေါ်ပေါက်လာပြီး မြန်မာတို့၏အမျိုး၊ ဘာသာ၊ ပညာဘက်မှ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်ထက်သန်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ၁၉၃၃ ခုနှစ်နောက်ပိုင်း တို့ဗမာအစည်းအရုံး အင်အားကောင်းလာပြီးနောက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေတ်ပညာတတ်ကျောင်းသားလူငယ်များကဦးဆောင်၍ အင်္ဂလိပ်အခက်-ဗမာ့အချက်ဟု ကြွေးကြော်ပြီး ဂျပန်တို့၏အကူအညီဖြင့် နယ်ချဲ့ဗြိတိသျှတို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ တစ်ဖန် ဂျပန်တို့ကို ပြန်လည်တွန်းလှန်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ကာ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေး(ဖဆပလ)ကိုဖွဲ့စည်း၍ ဗြိတိသျှတို့နှင့် စေ့စပ်ဆွေးနွေးကာ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်အရယူခဲ့ပါသည်။ ဤသို့ စာဖြင့်အကျဉ်းချုပ်၍ စာကြောင်းရေ ၁၀ ကြောင်းမျှဖော်ပြသော အကြောင်းအရာကာလသည် နှစ်ပေါင်းတစ်ရာကျော် တိတိပပဆိုရသော် ၁၂၂ နှစ်ထိကြာရှည်ခဲ့ပြီး သမိုင်းမဝင်စာမတင်သည့် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာတို့ကို ရင်းနှီးခဲ့ရပေသည်။

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဘိုးဘေးတို့၏ကျေးဇူးကြောင့် လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုနှစ် ဇန်နဝါရီ ၃ ရက် ညတွင် ရန်ကုန်မြို့တစ်မြို့လုံး မအိပ်နိုင်ဘဲ လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ်သို့ ကြေညာမည့်အချိန်ကို စိတ်အားထက်သန်စွာဖြင့် မျှော်လင့်ရင်ခုန်ကြရင်း ညလုံးပေါက်မီးထွန်း၍ စောင့်စားနေကြပြီး နံနက်စောစော ချမ်းချမ်းစီးစီးတွင် နိုင်ငံတော်အလံလွှင့်ထူမည့်နေရာသို့ အားလုံးစုဝေးရောက်ရှိလာကြသည်ဟူ၏။

လွတ်လပ်ပြီးနောက် ပထမဆုံးကြေညာသောစာတမ်းမှာ လွတ်လပ်ရေးကြေညာစာတမ်းပင်ဖြစ်သည်။ လွတ်လပ်ရေးကြေညာစာတမ်းတွင် အပိုဒ် ၆ ပိုဒ်ပါရှိပြီး ပထမ ၃ ပိုဒ်သည် ငါတို့သည် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိကြပြီဖြစ်ကြောင်း ဥဒါန်းကျူးရင့်ဖော်ပြချက်များဖြစ်ပြီး အပိုဒ် ၄ တွင်မူကား ပြည်ထောင်စုမြန်မာနိုင်ငံအား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရေးသားထားလေသည်-

**"ငါတို့သည် တစ်မျိုးဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကိုမလိုလား၊ ကျောသားရင်သား သူကားငါကား ခွဲခြားခြင်းကိုအလိုမရှိ၊ မြစ်ချောင်းသီတာသမုဒ္ဒရာတောင်တန်းတို့ဖြင့် ကမ္ဘာ့မွေတာသဘာဝအပိုင်းအခြား ထင်ရှားစွာသတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေးရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ခေတ်ချက်ကြွေနေထိုင်ရာမြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော ကြိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသော ကြိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သော ဓာတနုဘာတည်းဟူသော ကြိုးထူး ဤကြိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သောပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ။"**

အထက်ပါအဓိပ္ပာယ်ကို ကျွန်တော်နားလည်သလို အလွယ်ဆိုရလျှင် "**သဘာဝအပိုင်းအခြားတို့ဖြင့် တည်ရှိသတ်မှတ်ထားသော မြန်မာနိုင်ငံတည်းဟူသော နယ်နိမိတ်အတွင်း လူမျိုး၊ ဘာသာခွဲခြားခြင်းမရှိ၊ ရှေးပဝေသဏီကပင် ယခုထက်တိုင်နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးအပေါင်းအစုဖြင့် တစ်စိတ်တစ်ဝမ်း၊ တစ်သွေးတစ်သားတည်းဖွဲ့စည်းထားသော ကမ္ဘာဆုံးသည့်တိုင် အမြဲတည်တံ့ခိုင်မာမည့် ပြည်ထောင်စု**

စာမျက်နှာ ၅ သို့ ➤

# သံတောင်ကြီးမြို့နယ် သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇန်နဝါရီ ၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ခွတောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ န၀မအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းန၀မအကြိမ်အဖြစ် သစ်ခွတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား ၅၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**



➤ စာမျက်နှာ ၄ မှအဆက်

**မြန်မာနိုင်ငံတော်**"ဟု လွတ်လပ်ရေး၏တန်ဖိုးကို အပြည့်အဝနားလည်ကြသော လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းဆောင်များအားလုံးက တညီတညွတ်တည်း ရှင်းရှင်းလင်းလင်းဖော်ပြသတ်မှတ်ခဲ့သည်ဟု မှတ်ယူမိပါသည်။

လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခြင်းနည်းတူ ရရှိပြီးသောလွတ်လပ်ရေးအား တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရသည်မှာလည်း အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးခဲ့ရသည်ကို လွတ်လပ်ပြီးစ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် တွေ့ရှိနိုင်ပါသည်။ အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ များဖြင့် နိုင်ငံကိုမထောက်ညှာနိုင်ဘဲ ဘေးပယောဂများ၏ သွေးခွဲရာနောက်ကောက်ကောက်ပါကာ လွတ်လပ်ရေးကြိုးပမ်းခဲ့ကြသူ ခေါင်းဆောင်ကြီးများ၏ ဆန္ဒဖြစ်သော **ကမ္ဘာဆုံးတိုင် မြဲနိုင်တည်တံ့သော ပြည်ထောင်စုမြန်မာနိုင်ငံ**အား အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ကြိုးပမ်းလာကြသော ရောင်စုံသူပုန်သောင်းကျန်းသူများနှင့် ကူမင်တန်တပ်ဖွဲ့ကျူးကျော်မှုများအကြား လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ် ပေါက်လာသော မြန်မာ့တပ်မတော်သည်လည်း ရှိသည့် လက်နက်၊ ရသည့်အင်အား၊ ကြံ့ရာဗျူဟာတို့ဖြင့် အချုပ်အခြာအာဏာ မပျောက်စေရေး အသက်ပေး၍ ဆောင်ရွက်ခဲ့ကြရသည်မှာ သမိုင်းသက်သေအထောက်အထားမြောက်မြားစွာရှိပေသည်။ ထို့ကြောင့်ပင်လျှင် ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့သည် (၇၅)နှစ်မြောက်စိန်ရတုသို့ရောက်ရှိနိုင်ခဲ့ပါသည်။

တည်ရှိပိုင်ဆိုင်ပြီးဖြစ်သော လွတ်လပ်ရေးပန်းခိုင်ကြီးအား ငွားငွားစွင့်စွင့် ထာဝရပွင့်လန်းနေအောင် ရှက်ဆောင်ဖို့ရာ ယနေ့လူငယ်များအတွက် သမိုင်းပေးတာဝန်လက်ဆင့်ကမ်းအမွေပင်ဖြစ်ပါသည်။ နှစ်ပေါင်းရာကျော် ကျွန်အဖြစ်ခံ့နှစ်ခဲ့ရာမှ ဘိုးဘွားတို့၏ မဆုတ်မနစ်အားထုတ်မှုတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟူ၍ ဖြစ်တည်ခဲ့ပြီးမှ မိမိတို့ခေတ်၊ မိမိတို့လက်ထက်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ဆုံးရှုံးရမည်ဆိုပါလျှင် မိမိတို့ကို နောင်လာမည့် မျိုးဆက်သစ်များက တာဝန်မကျေပွန်သော၊ ညံ့ဖျင်းသောမျိုးဆက်များအဖြစ် သမိုင်းတွင် လက်ညှိုးထိုးဝေဖန် အပြစ်တင်ရှုတ်ချခြင်းကိုခံရမည်မှာမလွဲပါ။ ကျွန်တော်တို့၏မျိုးဆက်သစ်များကို ငယ်စဉ်က လွတ်လပ်ရေးနေ့တွင် ကျွန်တော်တို့ ပျော်ပါးလွတ်လပ်ခဲ့ကြသကဲ့သို့ သူတို့ကိုလည်း ဆက်လက်၍ လွတ်လပ်ပေ့ါပါးစွာ ပျော်ရွှင်စေလိုပါသည်။ သို့ဖြစ်ပါ၍ ယခု (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယမှစ၍ အယူဝါဒ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထက် နိုင်ငံကိုပိုမိုချစ်ခင်၍ နိုင်ငံ့အကျိုး၊ ပြည်ထောင်စုအကျိုးကို ရှေးရှုဖော်ဆောင်ကာ ကျရာတာဝန် ကျေပွန်အောင်ထမ်းဆောင်ပြီး မြန်မာ့လွတ်လပ်ရေးအား လွတ်လပ်ရေးကြေညာစာတမ်းပါအတိုင်း ထာဝရ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အဓိဋ္ဌာန်

\- သူငယ်ချင်း
မင်းလည်းအသိ ငါလည်းသိသည်
အမိမြန်မာ တို့ပြည်ရွာသည်
ရှေးခါနှစ်ပေါင်း ရာထောင်သောင်းဝယ်
တကောင်းကစ ပုဂံမှသည်
သာစွမြင်စိုင်း ဧရာဝိုင်းသည့်
စစ်ကိုင်းပင်းယ မြို့အင်းဝနှင့်
စာသတောင်ငူ တံခွန်ထူလျက်
တစ်မူကုန်းဘောင် ရှေးမင်းခေါင်တို့
ဘုန်းရောင်တင့်လျှမ်း ကိုယ့်ထီးနန်းနှင့်
ကြင့်နှန်းကိုယ်စီ အလီလီဖြင့်
ရွှေပြည်မြန်မာ အောင်စည်သာလျက်
ပေစာမော်ကွန်း ဇမ္ဗူကျွန်းတွင်
တောက်ရှန်းထိန်ဝါ တန်ခိုးဖြာ၏။

\- သူငယ်ချင်း
မင်းလည်းအသိ ငါလည်းသိသည်
အမိမြန်မာ တို့ပြည်ရွာသည်
သာယာစိုပြည် လယ်ယာမြေနှင့်
ဆန်ရေစပါး ပတ္တမြားနှင့်
အခြားရွှေငွေ ကျွန်းသစ်တွေနှင့်
အသေအချာ စောကြောပါက
သာယာလှပ ပင်လယ်ဝနှင့်
ပြည့်ဝဥစ္စာ ပဒေသာမို့
ရှည်ကြာရန်မူ ကုလားဖြူက
မင်းမူနယ်ချဲ့ ကျွန်ပြုခဲ့ကြောင့်
ချည့်နဲ့ပညာ သာသနာနှင့်
ဘာသာညှိုးနွမ်း ပလ္လင်နန်းနှင့်
ကြင့်နှန်းလည်းပျောက် ငရဲရောက်၏။

\- သူငယ်ချင်း
မင်းလည်းအသိ ငါလည်းသိသည်
အမိမြန်မာ တို့ပြည်ရွာကို
မြန်စွာလွတ်ကြောင်း အကြံကောင်းသည့်
အပေါင်းသုံးကျိပ် ရဲမာန်စိတ်ဖြင့်
တစ်စိတ်တစ်ဝမ်း ဗိုလ်အောင်ဆန်းနှင့်
ကြမ်းတမ်းလွန်စွာ ဖော်မိုဆာ၌
ဘယ်ညာလျှောက်ကာ စစ်ပညာကို
သေချာသင်ကြား အမည်ကားမူ
အများသိပေ ဘီအိုင်အေဟု
အခြေပြုခေါ် တို့တပ်တော်အား
ရည်မျှော်ဖွဲ့စည်း တပ်မကြီးထိ
ပြည်ကြီးအပြန် ဒေါင်းအလံကို
ရဲမာန်လွှင့်ထူ တလူလူဖြင့်
ရန်သူနယ်ချဲ့ သစ္စာမဲ့သည့်
စုတ်ပွဲ့ဂျပန် ရန်နှစ်တန်ကို
ဖန်ဖန်တိုက်ထုတ် အမြစ်ပြုတ်ကြောင့်
အဟုတ်လွတ်လပ် လောကခေတ်တွင်
သိမှတ်မြန်မာ အချုပ်ခြာနှင့်
အာဏာပိုင်စိုး ကိုယ့်အမျိုးတို့
တန်ခိုးရှိန်ဝါ ထိန်ထိန်သာ၏။

\- သူငယ်ချင်း
မင်းလည်းအသိ ငါလည်းသိသည်
အမိမြန်မာ တို့ပြည်ရွာသည်
ဗမာ ကချင် ရှမ်း ကရင်နှင့်
သဇင်ရခိုင် မွန်အပိုင်နှင့်
တူပြိုင်လေးထား ချင်း ကယားတို့
သွေးသားတော်စပ် ရင်ချင်းအပ်ရန်
သိမှတ်ချုပ်ဆို ရှမ်းတစ်ခိုမှ
ညွှန်းဆိုမကုန် မြို့ပင်လုံ၏
အဟုန်စိတ်ဓာတ် ဆက်မပြတ်ကြောင့်
စွဲမှတ်ယခု စိန်ရတုကို
လူထုဆင်နွှဲ ခြိမ့်ခြိမ့်သဲမျှ
အမြဲချစ်ကြည် ကမ္ဘာတည်ထိ
တူညီလက်တွဲ ဥမကွဲ၍
သိုက်လည်းမပျက် ရှေ့သို့ဆက်ပြီး
လေးနက်စိတ်ကြံ တို့ဓိဋ္ဌာန်အံ့။ ။

**မန္တလာပြေ**

# ပခုက္ကူမြို့နယ် ငဖောင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပခုက္ကူ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ငဖောင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ငဖောင်ကန်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ပခုက္ကူမြို့နယ် ငဖောင်ကန်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၀၅၉ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂ ရက်ထိ လုပ်ငန်းများ ၈၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ငဖောင်ကန်ကျေးရွာရှိ အိမ်ခြေ ၃၄၀၊ လူ ၁၃၃၁ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်ထံမှ သိရသည်။

**နှံ့ယဉ်**

## နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတ ရှီကျင့်ဖျင် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားထံ ပေးစာတစ်စောင် ရေးသားပေးပို့ခဲ့



**ဘရာစီးလီးယား ဇန်နဝါရီ ၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားထံ ပေးစာတစ်စောင် ရေးသားပေးပို့ခဲ့ကြောင်း ရှိုက်တာသတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါပေးစာ၌ တရုတ်နှင့် ဘရာဇီးနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်က ဆန္ဒပြုထားကြောင်း ဘရာဇီးသမ္မတသစ် လူလာဒါဆေးလ်ဗားက တွစ်တာစာမျက်နှာ၌ ရေးသားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အဆိုပါပေးစာကို တရုတ်ဒုတိယသမ္မတ ဝန်ကျိရှန်မှတစ်ဆင့် ပေးခဲ့ခြင်းဖြစ်သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဇန်နဝါရီ ၁ ရက်တွင် ဘရာဇီးသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ တရုတ်ဒုတိယသမ္မတ ဝန်ကျိရှန်လည်း အခြား နိုင်ငံတကာခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဘရာဇီးနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ရာ မိမိတို့အနေဖြင့် တရုတ်-ဘရာဇီး နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက် ချဲ့ထွင်နိုင်ကြောင်း သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားထားသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားအနေဖြင့် သမ္မတတစ်ဦးအဖြစ် သွားရောက်မည့်ပြည်ပခရီးစဉ်များထဲတွင် တရုတ်ခရီးစဉ်လည်း ပါဝင်ကြောင်း သိရသည်။ KKO

# အစ္စရေးအမျိုးသားလုံခြုံရေးဝန်ကြီး ဘင်ဂျီဗာ၏ အယ်လ်အက္ကဆာခရီးစဉ်ကို ဂျော်ဒန်ဝေဖန်

**ဂျေရုဆလင် ဇန်နဝါရီ ၃**

အစ္စရေး အစိုးရအဖွဲ့သစ်မှ လက်ယာစွန်းဝါဒီ တစ်ဦးဖြစ်သည့် အမျိုးသားလုံခြုံရေး ဝန်ကြီးဌာနဝန်ကြီး အစ်တမာဘင်ဂျီဗာသည် ဂျေရုဆလင်မြို့ရှိ အယ်လ်အက္ကဆာဗလီဝတ်ကျောင်းသို့ ယနေ့တွင်ခေတ္တခဏသွားရောက်ခဲ့ကြောင်း ရှိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စရေး အမျိုးသားလုံခြုံရေးဝန်ကြီး ဘင်ဂျီဗာသည် လုံခြုံရေးတင်းကျပ်စွာဖြင့် အယ်လ်အက္ကဆာဗလီဝတ်ကျောင်းသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဘင်ဂျီဗာ၏ အယ်လ်အက္ကဆာဗလီဝတ်ကျောင်းခရီးစဉ်ကို အိမ်နီးချင်း ဂျော်ဒန်နိုင်ငံနှင့် ပါလက်စတိုင်းများက ပြင်းထန်စွာဝေဖန်ခဲ့ကြကြောင်း သိရသည်။

အစ္စရေး အမျိုးသားလုံခြုံရေးဝန်ကြီး ဘင်ဂျီဗာ၏ အယ်လ်အက္ကဆာဗလီဝတ်ကျောင်းခရီးစဉ်သည် နိုင်ငံတကာဥပဒေများနှင့် ဂျေရုဆလင်၏ သမိုင်းကြောင်းအရ၊ ဥပဒေကြောင်းအရ ရှိမြဲအနေအထားကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

သို့သော် ဘင်ဂျီဗာ၏၁၅ မိနစ်ကြာ အယ်လ်အက္ကဆာဝတ်ကျောင်းခရီးစဉ်သည် မွတ်စလင်မဟုတ်သူများအတွက် သတ်မှတ်ပေးထားသည့် အလည်ဝင်ရောက်ခွင့်စည်းမျဉ်းတစ်ရပ်နှင့်အညီ သွားရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားထားသည်။

အယ်လ်အက္ကဆာ ဗလီဝတ်ကျောင်းဝင်းသည် အစ္စလာမ်ဘာသာ၏တတိယအမြင့်မြတ်ဆုံး နယ်မြေဖြစ်ပြီး ဂျူးအတွက်လည်းအမြင့်မြတ်ဆုံးနယ်မြေဖြစ်ကြောင်း သိရသည်။

KKO

# ဩစတြေးလျနိုင်ငံ၌ ရဟတ်ယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွား လူ လေးဦး သေဆုံး

**ဆစ်ဒနီ ဇန်နဝါရီ ၃**

ဩစတြေးလျနိုင်ငံ အပန်းဖြေဥယျာဉ်စခန်း တစ်ခုအနီး၌ ဇန်နဝါရီ ၁ ရက်က ရဟတ်ယာဉ်နှစ်စင်း လေထဲမှာပင် ဝင်တိုက်မိရာ ဗြိတိန်နိုင်ငံသား နှစ်ဦးအပါအဝင် လူပေါင်း လေးဦး သေဆုံးခဲ့ရကြောင်း ရှိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်နှစ်စင်းသည် ဂိုးလ်ကို့စ်ကမ်းခြေ ဆီဝါးလ်ဥယျာဉ်စခန်းအနီး၌ တစ်စင်းက ဆင်းသက်၍ တစ်စင်းက ပျံတက်နေစဉ် မြေမျက်နှာပြင်အထက် အမြင့်မီတာ ၃၀၀ ခန့်တွင်ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ကွင်းစလန်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ရဟတ်ယာဉ်နှစ်စင်း ဝင်တိုက်မိချိန်တွင် ပျံတက်စရဟတ်ယာဉ်ပျက်ကျခဲ့ရပြီး လိုက်ပါလာသူခြောက်ဦးအနက် လေးဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

လူပေါင်း ခြောက်ဦး လိုက်ပါလာသည့် ကျန်ရဟတ်ယာဉ်တစ်စင်းက အနီးအနားရှိ သဲမြေတစ်ခုပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

ယင်းရဟတ်ယာဉ် ဘေးကင်းစွာဆင်းသက်နိုင်မှုကြောင့် အသေအပျောက် ပိုများမည့်အရေးကို ရှောင်လွှဲနိုင်ခဲ့ကြောင်း ကွင်းစလန်ပြည်နယ် ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရဟတ်ယာဉ်နှစ်စင်း လေထဲဝင်တိုက်မှုနှင့် ပတ်သက်၍ ဩစတြေးလျ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

KKO



# ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ တရုတ်နိုင်ငံသို့ ထွက်ခွာ

**မနီလာ ဇန်နဝါရီ ၃**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ယနေ့တွင် သုံးရက်ကြာ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားပြီဖြစ်ကြောင်း ရှိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



နှစ်နိုင်ငံကြား တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာများ ရှိနေဆဲတွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ၎င်း၏ တရုတ်ခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း မိမိအနေဖြင့် တရုတ်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံသို့ မထွက်ခွာမီ ဖိလစ်ပိုင်သမ္မတက မနီလာနိုင်ငံတကာလေဆိပ်၌ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ၊ ဒေသတွင်းလုံခြုံရေးနှင့် နိုင်ငံရေးပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံခရီးစဉ်အတွင်း မိမိအနေဖြင့် အဓိက နှစ်နိုင်ငံသဘောတူညီချက် ၁၀ ခုနှင့်အထက် ရယူရန် မျှော်လင့်ထားကြောင်း ဖိလစ်ပိုင်သမ္မတက ပြောကြားထားသည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ တရုတ်ခရီးစဉ်အတွင်း ဖိလစ်ပိုင်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့လည်း လိုက်ပါသွားကြောင်း သိရသည်။

KKO

# အေဘရာဟင်သဘောတူညီချက်ဝင်နိုင်ငံများနှင့်ဆွေးနွေးရန် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးသစ် အယ်လီကိုဟင် စီစဉ်ထား

**ဂျေရုဆလင် ဇန်နဝါရီ ၃**

အစ္စရေး နိုင်ငံခြားရေးဝန်ကြီးသစ်အယ်လီကိုဟင်သည် အေဘရာဟင်သဘောတူညီချက်အရ အစ္စရေးနှင့် တရားဝင်သံတမန်အဆက်အဆံပြုလုပ်ခဲ့သော အာရပ်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားကြောင်း ရှိုက်တာသတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

အေဘရာဟင် သဘောတူညီချက်ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ထိပ်သီးညီလာခံကို မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း အစ္စရေး နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အစ္စရေး နိုင်ငံခြားရေးဝန်ကြီး၏အဆိုအရ အေဘရာဟင်သဘောတူညီချက်ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ထိပ်သီးဆွေးနွေးပွဲကို ယခုနှစ် မတ်လအတွင်း ကျင်းပဖွယ်ရှိသည်။


အေဘရာဟင် သဘောတူညီချက်သည် အမေရိကန်နိုင်ငံ၏ ကြားဝင်မှုဖြင့် အာရပ်နိုင်ငံလေးနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့ကြား ရယူထားသောဆက်ဆံရေးသဘောတူညီချက်ဖြစ်သည်။

ယင်း သဘောတူညီချက်အရ မော်ရိုကို၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘာရိန်းနှင့် ဆူဒင်နိုင်ငံတို့သည် အစ္စရေးနိုင်ငံနှင့် ပုံမှန်သံတမန် ဆက်ဆံရေးများကို ၂၀၂၀ ခုနှစ်အတွင်း စတင်ထားရှိခဲ့သည်။

၎င်းသည် ဝန်ကြီးချုပ်သစ် ဘင်ဂျမင်နေတန်ယာဟု ဦးဆောင်သည့် လက်ယာယိမ်းအမျိုးသားရေးဝါဒီညွန့်ပေါင်းအစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကိုပြီးခဲ့သည့်ရက်သတ္တပတ်ကပင်စတင်ရယူခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အာကာသအခြေစိုက် နေစွမ်းအင်နည်းပညာစမ်းသပ်ယာဉ် (SSPD) ကို ယခုလအတွင်းလွှတ်တင်ရန် ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ် စီစဉ်



**ဝါရှင်တန် ဇန်နဝါရီ ၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်သည် အာကာသအခြေစိုက် နေစွမ်းအင်နည်းပညာစမ်းသပ်ယာဉ် (SSPD) ကို ယခုလအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသအခြေစိုက် နေစွမ်းအင် နည်းပညာစမ်းသပ်ယာဉ် (SSPD) သည် အာကာသဟင်းလင်းပြင်အတွင်း နေစွမ်းအင်ရယူ၍ ကမ္ဘာမြေဆီသို့ပြန်လည်ပေးပို့မှုဆိုင်ရာ နည်းပညာများကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

အာကာသအခြေစိုက် နေစွမ်းအင်စီမံကိန်းများသည် အာကာသဟင်းလင်းပြင်အတွင်းရှိ နေစွမ်းအင်ကို အကန့်အသတ်မရှိ ရယူနိုင်သော နည်းလမ်းဖြစ်သည်။

သို့ဖြစ်ရာ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် SSPD စီမံချက်အရ နေစွမ်းအင်ကို ရယူစုဆောင်း၍ လျှပ်စစ်ဓာတ်အားအဖြစ်ပြောင်းလဲပြီး ကမ္ဘာမြေသို့ပြန်လည်ပေးပို့သည့် အာကာသယာဉ်ကွန်ရက်တစ်ခုကိုလွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၅၀ ရှိ အာကာသအခြေစိုက် နေစွမ်းအင် နည်းပညာစမ်းသပ်ယာဉ် (SSPD) သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ရောက်ရှိချိန်တွင် နေစွမ်းအင် ရယူရေးဆိုင်ရာ အဓိကနည်းပညာသုံးခုကို စမ်းသပ်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် SSPD စီမံကိန်းကို ၂၀၁၁ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက Transporter-6 မစ်ရှင်ဖြင့် ဂြိုဟ်တု ၁၁၄ စင်းလွှတ်တင်ရန် စီစဉ်

**ဝါရှင်တန် ဇန်နဝါရီ ၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Transporter-6 အမည်ရှိ မစ်ရှင်ဖြင့် ယနေ့တွင် ဂြိုဟ်တု ၁၁၄ စင်းကို လွှတ်တင်ရန်စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

Transporter-6 မစ်ရှင်အရ Space-X ကုမ္ပဏီသည် ဂြိုဟ်တုငယ်ပေါင်း ၁၁၄ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံသည် အဆိုပါဂြိုဟ်တုငယ်များကို ကမ္ဘာမြေပြင်အထက် ၅၂၅ ကီလိုမီတာ အကွာ၌ရှိသည့် ပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးရမည်ဖြစ်သည်။



Transporter-6 မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ၂၀၂၃ ခုနှစ်၏ ပထမဆုံးအာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၂၀၂၁ ခုနှစ်မှစ၍ Transporter မစ်ရှင်များဖြင့် ဂြိုဟ်တုငယ်များစွာကို ကမ္ဘာပတ် လမ်းကြောင်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

ပထမဆုံး လွှတ်တင်ခဲ့သည့် Transporter-1 မစ်ရှင်တွင် Space-X ကုမ္ပဏီသည် ဂြိုဟ်တုငယ်ပေါင်း ၁၄၃ စင်းထိ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ KKO

## ယူရိုပါဂြိုဟ်ရံလ အပေါ်ယံရေခဲပြင်လွှာကိုဖြတ်၍ မြေအောက်သမုဒ္ဒရာအတွင်းသို့ အခြားဒြပ်စင်များ ကူးပြောင်းဝင်ရောက်မှုပမာဏက ထင်ထားသည်ထက်များပြားနေနိုင်

**ဝါရှင်တန် ဇန်နဝါရီ ၃**

အသေးစားဥက္ကာခဲ ဝင်တိုက်မှုများနှင့်အတူ ယူရိုပါဂြိုဟ်ရံလ အပေါ်ယံရေခဲလွှာကိုဖြတ်၍ မြေအောက်သမုဒ္ဒရာအတွင်းသို့ အခြားဒြပ်စင်များ ကူးပြောင်းဝင်ရောက်မှုပမာဏမှာ မူလတွေးထင်ထားသည်ထက် များပြားနေနိုင်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

ယူရိုပါဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်ကို လှည့်ပတ်နေသည့် ဂယ်လီလီယန်ဂြိုဟ်ရံလလေးစင်းအနက် အသေးငယ်ဆုံးဖြစ်သည်။

ကြာသပတေးဂြိုဟ်ရံလပေါင်း ၈၀ အနက် ဂြိုဟ်နှင့်ဆဋ္ဌမမြောက် အနီးကပ်ဆုံး ဂြိုဟ်ရံလလည်းဖြစ်ကြောင်း၊ ယူရိုပါဂြိုဟ်ရံလ ရေခဲပြင်လွှာပေါ်တွင် ဥက္ကာချိုင့်ဝှမ်းအများအပြားတည်ရှိသော်လည်း ကျရောက်ခဲ့သည့် ဥက္ကာခဲအများစုမှာ ရေခဲပြင်လွှာကိုထွင်းဖောက်၍ မြေအောက်သမုဒ္ဒရာအတွင်း ဝင်ရောက်သွားနိုင်လောက်အောင် အရွယ်အစား ကြီးမားခြင်းမရှိကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏အဆိုအရ ယူရိုပါဂြိုဟ်ရံလ ရေခဲအပေါ်ယံလွှာထု၏ ထက်ဝက်ထိ ဖောက်ထွင်းဝင်ရောက်နိုင်သည့် ဥက္ကာခဲများသည် တဖြည်းဖြည်း ဆက်လက်နစ်မြုပ်၍ ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာအတွင်းသို့ အောက်ဆီဂျင်နှင့်ပေါင်းစပ်နိုင်သော မော်လီကျူးများကို ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

ယူရိုပါဂြိုဟ်ရံလ၏ အပေါ်ယံရေခဲလွှာထုသည် ၁၀ မိုင်မှ ၁၅ မိုင်ထိရှိကြောင်း၊ ဥက္ကာခဲများမှ အခြားဇီဝမော်လီကျူးများ ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာအတွင်း ကူးပြောင်းဝင်ရောက်မှုဖြစ်စဉ်များသည် နှစ် ၁၀၀၀၀ မှ ၁၀၀၀၀၀ ထိ ကြာမြင့်နိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။ KKO

# HEALTH

## ဦးနှောက်အပါအဝင် အခြားကိုယ်တွင်းနေရာများသို့ ကိုရိုနာပိုင်းရပ်များ ကူးစက်ပျံ့နှံ့နိုင်

**နယူးယောက် ဇန်နဝါရီ ၃**

ကိုရိုနာဗိုင်းရပ်သည် ဦးနှောက်အပါအဝင် အခြားကိုယ်တွင်းနေရာများသို့ ကူးစက်ပျံ့နှံ့နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်များသည် လူ့ခန္ဓာကိုယ် တစ်ရှူးများအတွင်း ရှစ်လကြာမျှ ဆက်လက်တည်ရှိနေတတ်ကြောင်း အမေရိကန် အမျိုးသားကျန်းမာရေးအင်စတီကျူမှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါကြောင့် ကွယ်လွန်ခဲ့ရသည့် လူနာ ၄၄ ဦးတို့၏တစ်ရှူးနမူနာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုရိုနာဗိုင်းရပ်သည် လေပြွန်လမ်းကြောင်းနှင့် အဆုတ်တစ်ရှူးများသို့ ကူးစက် ဝင်ရောက်တတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များသည် အခြားကိုယ်တွင်းနေရာ ၈၄ နေရာနှင့် ကိုယ်တွင်းအရည်ကြည်များ၌ ကိုရိုနာဗိုင်းရပ်၏ ရီဘိုနျူကလီးအစ်အက်စစ်(RNA) ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုရိုနာဗိုင်းရပ်သည် ရောဂါလက္ခဏာစတင်ပေါ်ထွက်ပြီး ပထမရက်သတ္တနှစ်ပတ်အတွင်း အသက်ရှူလမ်းကြောင်းနှင့် မသက်ဆိုင်သည့် အခြားနေရာများတွင်လည်း ပုံတူပွားနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။ KKO

## ရေဓာတ်ဖြည့်ဆည်းနိုင်မှု အားကောင်းပါက ရောဝင်ရောက်မှုအရှိန်ကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၃**

ရေဓာတ်ဖြည့်ဆည်းနိုင်မှု အားကောင်းခြင်းသည် ယခင်တွေးထင်ထားသည်ထက်ပင် လူတို့၏ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိပြီး ဇရာဝင်မှုဖြစ်စဉ်ကို အရှိန်လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဇန်နဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားကျန်းမာရေးအင်စတီကျူမှ သုတေသနပညာရှင်များ၏အဆိုအရ ရေဓာတ်ဖြည့်ဆည်းနိုင်မှု အားနည်းခြင်းသည် နာတာရှည်ရောဂါများ ဖြစ်နိုင်ခြေ၊ သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေ မြင့်မားနိုင်မှုတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၁၁၀၀၀ ကျော်တို့၏ ရေဓာတ်ဖြည့်ဆည်းနိုင်မှုအဆင့်ကို အစဉ်မပြတ်တိုင်းတာ၍ ၂၅ နှစ်ကြာ အချိန်ယူစောင့်ကြည့် လေ့လာခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသော ရလဒ်များအရ သွေးအတွင်းဆိုဒီယမ်ပါဝင်မှုအဆင့် သွေးတစ်လီတာလျှင် ၁၄၂ မီလီမိုးလ်နှင့်အထက်ရှိသူများတွင် နာတာရှည်ရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၉ ရာခိုင်နှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် သွေးအတွင်းဆိုဒီယမ်ပါဝင်မှုအဆင့် အထက်ပါပမာဏရှိသူများ၌ မူလအသက်အရွယ်ထက်ပိုအိုမင်းလာမှုကိုပြသသည့် ဇရာလက္ခဏာများ ပေါ်လာနိုင်ခြေမှာလည်း ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းပိုမြင့်မားကြောင်း၊ သွေးအတွင်းဆိုဒီယမ်ပါဝင်မှု အဆင့်မြင့်မားခြင်းသည် ရေဓာတ်ဖြည့်ဆည်းနိုင်မှု အားနည်းသည့် လက္ခဏာဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၂ ခုနှစ် ဥရောပထိပ်သီးကလပ် အဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲက ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်ခဲ့




**နီယွန် ဇန်နဝါရီ ၃**

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၂ခုနှစ် ဥရောပထိပ်သီးကလပ် အသင်းအဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ ပရီးမီးယားလိဂ်ပြိုင်ပွဲက ထိပ်ဆုံးတွင် ဆက်လက် ရပ်တည်နိုင်ခဲ့သည်ဟု UEFA.Com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က နောက်ဆုံးကျင်းပခဲ့သည့် ဘောလုံးရာသီ ငါးရာသီမှ ရမှတ်များကို စုပေါင်းပြီး နှစ်တစ်နှစ်အကုန်တွင် အဆင့်သတ်မှတ်ချက်များကိုထုတ်ပြန်ကြေညာခြင်းဖြစ်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှစတင်ပြီး နောက်ဆုံးကျင်းပခဲ့သည့်ဘောလုံးရာသီ ငါးရာသီ၌ စုစုပေါင်းရမှတ် ၁၀၆ ဒသမ ၆၄၁ မှတ်ရရှိခဲ့ပြီးနောက် ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲနောက် အဆင့်(၂)နေရာ၌ စပိန်လာလီဂါပြိုင်ပွဲက စုစုပေါင်းရမှတ် ၉၆ ဒသမ ၁၄၁ မှတ်ဖြင့်ရပ်တည်ခဲ့ပြီး အဆင့်(၃)နေရာ၌ အီတလီစီးရီးအေပြိုင်ပွဲက ရမှတ် ၇၆ ဒသမ ၉၀၂ မှတ်ဖြင့် ရပ်တည်ခဲ့သည်။

အီတလီစီးရီးအေပြိုင်ပွဲနောက်တွင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲက စုစုပေါင်းရမှတ် ၇၅ ဒသမ ၂၁၃ မှတ်ဖြင့် အဆင့် (၄)နေရာတွင် ရပ်တည်ခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲက စုစုပေါင်းရမှတ် ၆၀ ဒသမ ၀၈၁ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့ကာ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် အဆင့်(၅)နေရာ၌ ရပ်တည်ခဲ့သည့် ပေါ်တူဂီလိဂ်ပြိုင်ပွဲသည် ယခုနှစ်တွင် ၁၂ ဒသမ ၉၁၆ ရမှတ်သာ ရရှိခဲ့သည့်အတွက် အဆင့်(၆)နေရာသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

STA

# ကွင်းလယ်ကစားသမား ဂွန်ဇာလက် ဒဏ်ရာကြောင့် အနားယူရမည်ဟု နည်းပြဂတ်တူဆိုပြောကြား

**မက်ဒရစ် ဇန်နဝါရီ ၃**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ကစားခဲ့သည့် ဗီလာရီးရဲလ်အသင်းနှင့် ဗလင်စီယာအသင်းတို့ ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဂွန်ဇာလက် ကြွက်သားဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် သုံးလခန့်အနားယူရမည်ဖြစ်ကြောင်း ဗလင်စီယာအသင်းနည်းပြ ဂတ်တူဆိုက ပြောကြားခဲ့သည်ဟု Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဗလင်စီယာအသင်းက ဗီလာရီးရဲလ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဂွန်ဇာလက်အနေဖြင့် ပွဲကစားချိန် ၇၈ မိနစ်တွင်ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရကာ ၎င်း၏ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ပြီးချိန်တွင် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်သည်။

နည်းပြဂတ်တူဆိုက "ဂွန်ဇာလက် အနေနဲ့ စနေနေ့က ကစားခဲ့တဲ့ ပွဲစဉ်က ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူရမှာပါ။ခွဲစိတ်ကုသမှုကိုတော့ ဒီတစ်ပတ်အတွင်းပြုလုပ်သွားမှာပါ။ သူ့အနေနဲ့ ဒဏ်ရာပြန်လည်ကောင်းမွန်ဖို့ အနည်းဆုံးသုံးလလောက် အချိန်ယူရမှာဖြစ်ပါတယ်။ အသင်းအနေနဲ့ သူ့နေရာမှာ ကွင်းလယ်ကစားသမား ဂိုလာမွန်နဲ့ အစားထိုးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဂွန်ဇာလက်သည် ဘာစီလိုနာအသင်းလူငယ်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသောကြောင့် ဗလင်စီယာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ရာ လာလီဂါ ၁၃ ပွဲတွင် သွင်းဂိုးတစ်ဂိုးသွင်းယူ၍ ပုံစံကောင်း ပြသနိုင်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာခွဲစိတ်ကုသမှု ခံယူ၍ အနားယူရမည်ဖြစ်သောကြောင့် ယခုနှစ်ဘောလုံးရာသီကို အဆုံးသတ်ရတော့မည်ဖြစ်ကြောင်း သိရသည်။

ML




# စပါးအသင်းက ဂိုးသမားလိုရစ်၏နေရာတွင် အစားထိုးရန်အတွက် လာမည့်အပြောင်းအရွှေ့တွင် ကစားသမားသစ်တစ်ဦးခေါ်ယူရန် စီစဉ်

**လန်ဒန် ဇန်နဝါရီ ၃**

စပါးအသင်းသည် စွမ်းဆောင်ရည်ပိုင်းကျဆင်းလာသည့် ဂိုးသမားလိုရစ်၏နေရာတွင် အစားထိုးရန် လာမည့်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်တစ်ဦးကိုခေါ်ယူရန် စီစဉ်နေကြောင်း The Mirror သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်ရှိ လိုရစ်သည် နည်းပြ ကွန်တီလက်အောက်တွင် ပထမ ဦးစားပေးဂိုးသမားအဖြစ် ပါဝင်နေရသော်လည်း ၎င်းအနေဖြင့် လက်စွမ်းပိုင်း ကျဆင်းလာသည့်အတွက် အသင်းတာဝန်ရှိသူများက အသင်း၏ အနာဂတ်စီမံကိန်းအတွက် ရေရှည်အသုံးပြုနိုင်မည့် ဂိုးသမားသစ်တစ်ဦးကို လာမည့် နွေရာသီတွင် ခေါ်ယူရန် ဆုံးဖြတ်ထားသည်။

ဂိုးသမား လိုရစ်သည် စပါးအသင်းအတွက် ၁၀ နှစ်ကျော်ကစားခဲ့ရာတွင် ပုံစံကောင်းပြသနိုင်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ၎င်း၏ အမှားမှ တစ်ဆင့် ဂိုးများခွင့်ပြုရလေ့ရှိသကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင် လက်စွမ်းပိုင်းကျဆင်းလာမှုကြောင့် အေဗီလာအသင်းနှင့်ပွဲစဉ်တွင်လည်း ၎င်း၏အမှားမှတစ်ဆင့် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီးနောက် အသင်းတာဝန်ရှိသူများက ဂိုးသမားသစ်တစ်ဦးထပ်မံခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်း တာဝန်ရှိသူများအနေဖြင့် ဂိုးသမား လိုရစ်နောက်တွင် ဒုတိယဦးစားပေးဂိုးသမား ဖော်စတာရှိနေသော်လည်းအနာဂတ်စီမံကိန်းအတွက် ဂိုးသမားသစ်တစ်ဦးကို ထပ်မံရှာဖွေမည်ဖြစ်ပြီး အသင်းတွင် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် လိုရစ်ကိုလည်း အဆောတလျင်ထွက်ခွာခွင့်ပြုမည်မဟုတ်ဘဲ အသစ်ခေါ်ယူမည့် ဂိုးသမားနှင့် ဦးစားပေးနေရာနှင့် ပွဲထွက်ခွင့်အတွက် ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူးလိုအပ်ချက်ရှိနေသည့် မန်ယူအသင်းက ဖရန့်ဖတ်အသင်းက စတာလင်ပေါင် ၅၅ သန်းဖြင့် ရောင်းချမည့် မူအာနီကိုခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။
- ပွဲပယ်ပြစ်ဒဏ်ကျခံရမည့် တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ပြစ်ဒဏ်စစ်ဆေးနေချိန်ကာလအတွင်း ပါဝင်ကစားခဲ့သည့်အတွက် အက်စ်ပန်ညိုအသင်းက စပိန်ဘောလုံးအဖွဲ့ချုပ်ကို တိုင်ကြားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- နည်းပြ အမ်မရီက ဗီလာရီးရဲလ်အသင်းမှ တိုက်စစ်မှူး ဒန်ဂျူးမားကို စတာလင်ပေါင် ၆၆ သန်းဖြင့် အေဗီလာအသင်းသို့ခေါ်ယူရန် ကြိုးပမ်းနေဟုသတင်းများ ထွက်ပေါ်လျက်ရှိနေကြောင်း သိရသည်။ ML

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# Sports Illustrated မဂ္ဂဇင်း၏ Women's Breakout Boxer of the Year Award ဆုကို အီဘန်နီဆွတ်ခူး

**နယူးယောက် ဇန်နဝါရီ ၃**

အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် Sports Illustrated မဂ္ဂဇင်း၏ ၂၀၂၂ ခုနှစ်အတွက် Women's Breakout Boxer of the Year Award ဆုကို ဩစတြေးလျလက်ဝှေ့မယ် အီဘန်နီက ဆွတ်ခူးနိုင်ခဲ့သည်ဟု Sports Illustratedမဂ္ဂဇင်းက ထုတ်ပြန်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီဘန်နီသည် IBF အမျိုးသမီး ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဩစတြေးလျလက်ဝှေ့မယ် အိုကွန်နယ်နှင့် အင်္ဂလန်နိုင်ငံ လိဒ်မြို့တွင်ထိုးသတ်ယှဉ်ပြိုင်ခဲ့ပြီး ဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ခဲ့ပြီး ၎င်းသည် အမျိုးသမီး လက်ဝှေ့လောကတွင် လက်ဝှေ့စွမ်းရည်သာမက ချောမောလှပသူအဖြစ် နာမည်ကျော်ကြားသူဖြစ်ကာ လက်ဝှေ့လောကသို့ မဝင်ရောက်မီ ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အီဘန်နီက "အားကစားလောကရဲ့ အထင်ကရမဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ Sports Illustrated မဂ္ဂဇင်းက ချီးမြှင့်တဲ့ Women's Breakout Boxer of the Year Award ဆုကိုဆွတ်ခူးခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ လက်ဝှေ့လောကမှာ ကျင်လည်တဲ့ ကာလတစ်လျှောက် ပထမဦးဆုံးသော ပုဂ္ဂိုလ်ရေးအောင်မြင်မှုတစ်ခုပါ။ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့ချန်ပီယံဆုကိုလဲ ကာကွယ်နိုင်ခဲ့ပြီးတော့ ပုဂ္ဂိုလ်ရေးအောင်မြင်မှုတွေလဲရရှိခဲ့လို့ဂုဏ်ယူမိပါတယ်။ ၂၀၂၃ ခုနှစ်မှာလဲ ဒီလိုအောင်မြင်မှုတွေ ဆွတ်ခူးနိုင်အောင် ကြိုးစားသွားပါမယ်။ဒီလိုအောင်မြင်မှုရဖို့ ကျွန်မပေးဆပ်ခဲ့ရတဲ့ အရာတွေများပါတယ်။ ပေးဆပ်တာနဲ့ ထိုက်တန်တဲ့ အောင်မြင်မှုရခဲ့လို့ ပေးဆပ်ခဲ့တာတွေကိုမေ့ဖျောက်နိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အီဘန်နီသည် အိုကွန်နယ်ကို အနိုင်ရရှိသည့် ပွဲစဉ်တွင် လက်ဖမိုးဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူထားကြောင်း သိရသည်။ AZL



# နှစ်ပေါင်း ၈၅ နှစ်အတွင်း ဘရန့်ဖို့ဒ်အသင်းက လီဗာပူးအသင်းကို ပထမဆုံးအကြိမ်အနိုင်ရရှိ

**လန်ဒန် ဇန်နဝါရီ ၃**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ်ကစားခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းကအနိုင်ရရှိခဲ့ပြီးနောက် နှစ်ပေါင်း ၈၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် လီဗာပူးအသင်းကိုအနိုင်ရရှိခဲ့သည်ဟု Sky Sportsသတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက အိမ်ကွင်းတွင် လီဗာပူးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၉ မိနစ်တွင် လီဗာပူးအသင်းမှ ကိုနာတီက ကိုယ့်ဂိုးကိုယ် သွင်းခဲ့မှုကြောင့် ဘရန့်ဖို့ဒ်အသင်းက ဦးဆောင်ခဲ့ပြီးနောက် ပွဲချိန် ၄၂ မိနစ်တွင် ဝစ်ဆာနှင့် ပွဲချိန် ၈၄ မိနစ်တွင် အမ်ဘူမိုတို့က သွင်းယူခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် ချိန်ဘာလိန်က သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဘရန့်ဖို့ဒ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက သွင်းဂိုး ငါးဂိုးထိရရှိခဲ့သော်လည်း ဝစ်ဆာသွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးကို လူကျွံအနေအထားကြောင့် VAR စနစ်ဖြင့် ပယ်ဖျက်ခဲ့သောကြောင့် လီဗာပူးအသင်းအတွက် သက်သာရာရခဲ့ခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ဖြိုးခဲ့သည့် ၁၉၃၈ ခုနှစ်က လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း တစ်ကြိမ်မှ လီဗာပူးအသင်းကိုအနိုင်ရရှိခဲ့ခြင်း မရှိခဲ့ဘဲ အမြင့်ဆုံးရလဒ်အဖြစ် သရေရလဒ်သာ စွမ်းဆောင်နိုင်ခဲ့ပြီး ယခုအခါ ၈၅ နှစ် အကြာတွင် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ဘရန့်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် အမှတ်ပေးဇယားအဆင့် (၇)နေရာမှမန်ယူအသင်းထက်တစ်ပွဲပိုကစားထားသော်လည်း ရမှတ် ၂၈ မှတ်သာ ရရှိထားသဖြင့် မန်ယူအသင်းထက် လေးမှတ်ထိ ကွာဟနေကြောင်း သိရသည်။

STA

# ASB Classic တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အမ်မာရာဒူကာနူတက်ရောက်

**အော့ကလန် ဇန်နဝါရီ ၃**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင်ကျင်းပနေသည့် ASB Classicတင်းနစ်ပြိုင်ပွဲပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် ချက်တင်းနစ်မယ် ဖရူဗာတိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ အမ်မာရာဒူကာနူက (၄-၆၊ ၆-၄၊ ၆-၂)ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာနူအတွက် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီကို နိုင်ပွဲဖြင့် စတင်နိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် နောက်မှလိုက်ကစားခဲ့ရခြင်းဖြစ်ပြီး အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ကာ ပွဲကစားချိန်မှာ လေးနာရီထိကြာမြင့်ခဲ့သည်။

အမ်မာရာဒူကာနူက "တကယ့်ကို အကြိတ်အနယ်ကစားခဲ့ရတဲ့ပွဲတစ်ပွဲပါ။ အချိန်ဘယ်လောက်ကြာသွားသလဲတောင် သတိမထားမိခဲ့ဘူး။ အကြိတ်အနယ်ကစားခဲ့ရပြီးမှ ပွဲကစားချိန်ဟာ လေးနာရီလောက်ထိ ကြာမြင့်ခဲ့တယ်ဆိုတာသိခဲ့ရပါတယ်။ ဖရူဗာတိုဗာက အလားအလာရှိတဲ့ ဆယ်ကျော်သက်တင်းနစ်မယ်တစ်ယောက်ပါ။ ငယ်ရွယ်ပြီးအတွေ့အကြုံမရှိသေးပေမဲ့ တင်းနစ်စွမ်းရည် ဘယ်လောက်ရှိတယ်ဆိုတာကိုပြသခဲ့ပါတယ်။ကျွန်မလဲငယ်ရွယ်တဲ့ တင်းနစ်မယ်တစ်ယောက်ပါ။ ဒါပေမဲ့ ဖရူဗာတိုဗာရဲ့ ကစားဟန်ကထူးခြားသလို သူ့ဆီမှာ တစ်မူထူးခြားတဲ့ တက်ကြွမှုမျိုး မြင်တွေ့ရပါတယ်။ ဖရူဗာတိုဗာက အနာဂတ်မှာထိပ်တန်းတင်းနစ်မယ် တစ်ယောက်ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

အသက် ၁၇ နှစ်ရှိ ဖရူဗာတိုဗာသည် အမ်မာရာဒူကာနူကို ပထမပွဲငယ်တွင် အနိုင်ကစားနိုင်ခဲ့ပြီး အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ဒုတိယပွဲငယ်တွင် အမ်မာရာဒူကာနူသည် ပုံစံကောင်းပြန်လည်ရရှိခဲ့ပြီး ဖရူဗာတိုဗာကို ပြန်လည်အနိုင်ရရှိခဲ့၍ ၁-၁ ရလဒ်ဖြင့်သရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အမ်မာရာဒူကာနူက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိပြီးဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အမ်မာရာဒူကာနူသည် ဒုတိယအဆင့်တွင် စလိုဗက်ကီးယားတင်းနစ်မယ် ကုဇ်မိုဗာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကုဇ်မိုဗာသည် ပထမအဆင့်တွင် အမေရိကန်တင်းနစ်မယ် ဘာနက်ဒါကို(၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်လာခဲ့သည့် တင်းနစ်မယ်ဖြစ်ကြောင်း သိရသည်။

AZL

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပီလီကိုဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံတိုင်းတွင် ပီလီအမည်ဖြင့်ကစားကွင်းသတ်မှတ်ပေးရန် တောင်းဆို



**ဂျီနီဗာ ဇန်နဝါရီ ၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကွယ်လွန်ခဲ့ပြီဖြစ်သည့် ဘရာဇီးဂန္ထဝင်ကစားသမားကြီး ပီလီကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံတိုင်းတွင် ကွင်းတစ်ကွင်းအမည်ကို ပီလီအမည်ဖြင့် သတ်မှတ်ပေးပြီး ဂုဏ်ပြုပေးရန် တောင်းဆိုခဲ့သည်ဟု The Guardian သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရာဇီးဂန္ထဝင်ကစားသမားကြီး ပီလီသည် ဘောလုံးလောကတွင် ဂန္ထဝင်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ် ရပ်တည်ခဲ့ပြီး ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားကို သုံးကြိမ်ရရှိဖူးသည့် တစ်ဦးတည်းသောကစားသမားအဖြစ် ရပ်တည်လျက်ရှိနေသူအပြင် ဘောလုံးလောက၏ အကောင်းဆုံးကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်ခဲ့သူဖြစ်သည်။

ပီလီသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ရက်က အသက် ၈၂ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သူဖြစ်ပြီး ယနေ့တွင် ပီလီ၏ရုပ်အလောင်းကို ဘရာဇီးနိုင်ငံရှိ ကစားသမားဘဝစတင်ခဲ့သည့် ဆန်းတိုစ့်အားကစားကွင်းတွင် ထားရှိ၍ နောက်ဆုံးပြသပြီးလျှင် ၎င်း၏မိခင်နေအိမ်သို့ ပြန်လည်သယ်ဆောင်ကာ ဈာပနအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက "ပီလီဆိုတာက ဘောလုံးလောကအတွက် ဘယ်လိုမှ အစားထိုးလို့မရတဲ့ကစားသမားတွေထဲကတစ်ယောက်ပါ။ ပီလီအတွက် မိသားစုနဲ့ ထပ်တူဝမ်းနည်းရပါတယ်။ သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကမ္ဘာ့နိုင်ငံတိုင်းမှာ ပီလီအမည်နဲ့ အားကစားကွင်းတစ်ကွင်း သတ်မှတ်ပေးသင့်ပါတယ်။သတ်မှတ်ပေးဖို့အတွက်လဲ ကျွန်တော်တို့ တောင်းဆိုထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# စီရော်နယ်ဒို၏အပြောင်းအရွှေ့စာချုပ်တွင် နယူးကာဆယ်သို့ပြောင်းရွှေ့ခွင့်ပါဝင်နေဟုဆို

**ရီယာ့ဒ် ဇန်နဝါရီ ၃**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် စီရော်နယ်ဒို၏ အပြောင်းအရွှေ့စာချုပ်တွင် ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသို့ပြောင်းရွှေ့ခွင့်သဘောတူညီချက်ပါဝင်နေသည်ဟု မာကာသတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့ကြား သဘောတူစာချုပ်တွင် ၎င်းသည် တစ်နှစ်လုပ်ခစတာလင်ပေါင် ၁၇၃ သန်းဝန်းကျင်ရရှိမည်ဖြစ်သော်လည်း စာချုပ်အရ နယူးကာဆယ်အသင်းသည်လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ပါက အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခွင့်ပါဝင်နေသည်။

နယူးကာဆယ် အသင်းသည် ဆော်ဒီရင်းနှီးမြှုပ်နှံမှု အုပ်စုက ပိုင်ဆိုင်သည့်အတွက် စီရော်နယ်ဒို၏အပြောင်းအရွှေ့တွင် အဆိုပါသဘောတူညီချက် ပါဝင်ခဲ့ပြီး လက်ရှိတွင် နယူးကာဆယ်အသင်းမှာ ပရီးမီးယားလိဂ်အမှတ်ပေးဇယားအဆင့်(၃)တွင် ရပ်တည်နေသောကြောင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် အခွင့်အရေးကောင်းများပိုင်ဆိုင်ထားသည်။

အသက် ၃၇ နှစ်ရှိ စီရော်နယ်ဒိုသည် လက်ရှိဘောလုံးလောကတွင် အောင်မြင်မှုများစွာရရှိခဲ့သူဖြစ်သော်လည်း ကမ္ဘာ့ဖလားမတိုင်မီ နိုဝင်ဘာလကပြုလုပ်ခဲ့သည့် အင်တာဗျူးအစီအစဉ်တစ်ခုတွင် မန်ယူအသင်းနှင့်ပတ်သက်၍ ဝေဖန်ပြောကြားမှုများပြုလုပ်ခဲ့သောကြောင့် မန်ယူအသင်းကစာချုပ်ဖျက်သိမ်းခဲ့သည့်အတွက် ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML




# ဘောလုံးလောကတွင်ထာဝရအကောင်းဆုံးကစားသမားအဖြစ် မက်ဆီသတ်မှတ်ခံရ

**ပဲရစ် ဇန်နဝါရီ ၃**

နာမည်ကြီး အားကစားသတင်းဌာနတစ်ခုဖြစ်သည့် Four Four Two သတင်းဌာနက ရွေးချယ်ဖော်ပြခဲ့သည့် ဘောလုံးအားကစားလောကတွင် ထာဝရအကောင်းဆုံးကစားသမားအဖြစ် ဂန္ထဝင်ကစားသမားကြီးများဖြစ်ကြသည့် ပီလီနှင့် မာရာဒိုနာတို့ကို ကျော်ဖြတ်ပြီး အာဂျင်တီးနားအသင်းနှင့်ပီအက်စ်ဂျီအသင်းမှ မက်ဆီက သတ်မှတ်ခံခဲ့ရသည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည်၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် လက်ရွေးစင်အသင်း၊ ကလပ်အသင်းတို့နှင့်အတူ ပါဝင်ကစားခဲ့သည့်ပြိုင်ပွဲတိုင်းတွင် ဆုဖလားအားလုံးဆွတ်ခူးနိုင်ခဲ့သူတစ်ဦးဖြစ်သည့်အပြင် ချန်ပီယံလိဂ်ဖလား၊ ကမ္ဘာ့ဖလားနှင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဖြစ်သည့် Ballon d'Or ဆုရရှိသည့် ကစားသမားများမှ တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာ့ဘောလုံးလောကတွင် အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် မက်ဆီနှင့် စီရော်နယ်ဒိုတို့တွင် မက်ဆီသည် ၎င်းနှင့်ပတ်သက်သည့် ပြိုင်ပွဲတိုင်းတွင် ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားချန်ပီယံဆုကိုရယူနိုင်ခဲ့ခြင်း မရှိသည့်အတွက် မက်ဆီက စီရော်နယ်ဒိုထက်သာလွန်နေခဲ့ခြင်းဖြစ်သည်။

Four Four Two သတင်းဌာနကရွေးချယ်ဖော်ပြခဲ့သည့် ဘောလုံးအားကစားလောကတွင် ထာဝရအကောင်းဆုံးကစားသမားစာရင်း၌ မက်ဆီ၏နောက်တွင် ဘောလုံးလောက၏ ဂန္ထဝင်ကစားသမားကြီးများဖြစ်သည့် မာရာဒိုနာ၊ စီရော်နယ်ဒို၊ ပီလီ၊ ဇီဒန်း၊ ဂျိုဟန်ခရိုက်၊ ဂျော်ဂျီဘက်ချ်၊ ဘက်ကင်ဘောင်ဝါ၊ ပွတ်ချ်ကက်နှင့် ရော်နယ်ဒိုတို့က အစဉ်လိုက် ရပ်တည်ခဲ့ကြောင်း သိရသည်။

STA

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုမ် နိုရိုဒွန် သီဟာမိုနီထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘောဒီးယားပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၆၇ နှစ်ကျော်ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကိုအခြေခံ၍ နွေးထွေးချစ်ကြည်သည့် ဆက်ဆံရေးများရှိခဲ့ကြပါသည်။ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် အခြားသောဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မူဘောင်အောက်မှ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် တိုးတက်သာယာဝပြောစေရေးအတွက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကိုစည်းနှောင်ထားသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ဗလာဒီဗော့စတော့မြို့၌ မိမိတို့၏နှစ်ဖက်တွေ့ဆုံမှုက အပြည့်အဝခိုင်မာစေခဲ့ပါသည်။

နှစ်နိုင်ငံအကြားရရှိထားပြီးဖြစ်သည့် သဘောတူညီချက်များသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်မှုနှင့် လုံခြုံမှုတိုးမြှင့်စေရေးတို့အတွက် နယ်ပယ်စုံရှိ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာ၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာပူးရှ်ပါကာမယ်လ် ဒါဟဲလ်ပရာချန်ဒါထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် နီပေါပြည်သူများနှင့် နီပေါအစိုးရကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအတွက် ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ချစ်ခင်ရင်းနှီးသည့် မြန်မာပြည်သူများလည်း ဆက်လက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံသမ္မတ မစ္စစ်ဘီဒီယာဒေဗီဘန်ဒါရီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့် မြန်မာပြည်သူ၊ ပြည်သားများအတွက် ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီလပ်ရော့ဗ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်နားလည်မှုတို့ဖြင့် ဖော်ကျူးထားသည့် အပြုသဘောဆောင်သည့် တက်ကြွသော မြန်မာ-ရုရှားဆက်ဆံရေးအပေါ် မိမိတို့အနေဖြင့် ကျေနပ်အားရမိပါသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် နေပြည်တော်၌ မိမိတို့၏ဆွေးနွေးမှုများအတွင်းရရှိခဲ့သည့် သဘောတူညီချက်များအောက်မှ ယုံကြည်စိတ်ချရသည့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ထိတွေ့ဆက်ဆံမှုများကို စဉ်ဆက်မပြတ်မြှင့်တင်သွားရန် မျှော်လင့်လျက်ရှိပါသည်။ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစေခြင်းက မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အဓိကအကျိုးစီးပွားများကို ထွန်းကားစေမည်ဖြစ်ပြီး အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရာတွင်လည်း အကျိုးပြုစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအားလုံး ကျန်းမာ၊ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေးလ်မီရှူစတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေးနေ့ အမျိုးသားရုံးပိတ်ရက်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ကိုယ်စားနှင့် မိမိတို့မှ အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကို ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်ဆက်ဆံရေးဖြင့် စည်းနှောင်ထားပါသည်။ နှစ်နိုင်ငံအစိုးရများအကြား တက်ကြွသည့်ပူးတွဲဆောင်ရွက်မှုများသည် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာနှင့် လူသားချင်းစာနာမှုဆိုင်ရာနယ်ပယ်များရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး အလားအလာရှိသောစီမံကိန်းများ တိုးမြှင့်စေရန် အခြေအနေကောင်းများကို ဖြစ်ထွန်းရရှိမည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး၊ အရေးကြီးသော လုပ်ငန်းတာဝန်များတွင် အောင်မြင်မှုသစ်များရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း လှိုက်လှဲစွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နံနက်စာကို အသားရေအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်က ယူကရိန်းသို့ Patriot ဒုံးကျည်စနစ်ပေးပို့ရန်စီစဉ်ထားခြင်းနှင့်ပတ်သက်၍ CRS က သတိပေးထား



ယူကရိန်းနိုင်ငံသို့ Patriot ဒုံးကျည်စနစ်များ ပေးပို့ရန်စီစဉ်ထားခြင်းနှင့် ပတ်သက်၍ အမေရိကန်ကွန်ဂရက်လွှတ်တော်သည် ၎င်း၏ဥပဒေပြုရေးနှင့်ကြီးကြပ်ရေးကဏ္ဍနှစ်ခုစလုံးတွင် ပြဿနာများနှင့် ရင်ဆိုင်နေရသည်ဟု ကွန်ဂရက်လွှတ်တော်ဆိုင်ရာသုတေသနလုပ်ငန်း (CRS) က သတိပေးထားသည်။

ယူကရိန်းသမ္မတဇီလန်စကီး အမေရိကန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိပြီးနောက် အမေရိကန်အစိုးရသည် အဆင့်မြင့် MIM-104 Patriot လေယာဉ်ပစ်စနစ်တပ်ခွဲတစ်ခွဲကို ယူကရိန်းသို့ ပေးအပ်သွားမည်ဟု ဒီဇင်ဘာလအစောပိုင်းတွင် ကတိပြုခဲ့သည်။

Patriot ဒုံးကျည်စနစ် လည်ပတ်လုပ်ဆောင်မှုတွင် လေ့ကျင့်သင်တန်းတက်ရောက်ထားသည့် တပ်ဖွဲ့ဝင်များစွာလိုအပ်သောကြောင့် ပေးပို့ခြင်းအတွက် အချိန်ကာလကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။ ယူကရိန်းနှင့် ရုရှားတို့ကြားဖြစ်ပွားနေသော ပဋိပက္ခတွင် ယူကရိန်းတပ်ဖွဲ့ဝင်များကို အမေရိကန်သို့ လေ့ကျင့်ရန်ဖိတ်ကြားထားကြောင်း အမေရိကန်မီဒီယာများက ရေးသားထားကြသည်။

Patriot ဒုံးကျည်စနစ်ကို ကိုင်တွယ်အသုံးပြုရန် တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးတစ်ခုတည်းအတွက် ၅၃ ပတ်ခန့် အချိန်ယူရသည်ဟု CRS က မှတ်ချက်ပြုပြီး ယူကရိန်းပိုင်နက်မြေပေါ်တွင် Patriot ဒုံးကျည်စနစ် တပ်ခွဲ တစ်ခွဲ တပ်ဖြန့်မချထားမီ သင်ယူစရာများစွာရှိနေသည်ဟု CRS က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ဗဟိုကွပ်ကဲမှုဌာနချုပ်သို့မဟုတ် အမေရိကန်နိုင်ငံအင်ဒို-ပစိဖိတ်စစ်ဌာနချုပ်ကဲ့သို့သော အခြားစစ်ဆင်ရေးတပ်ဖွဲ့များမှ Patriot တပ်ဖွဲ့များ ထုတ်နုတ်ပေးမည်ဆိုပါက အဆိုပါစစ်နယ်ဝန်းများတွင် စွန့်စားရမှုများဖြစ်လာနိုင်ဖွယ်ရှိသည်။ အလားတူ အမေရိကန်ပြည်မကြီးထဲမှ Patriot တပ်ခွဲတစ်ခွဲ ထုတ်နုတ်ထောက်ပံ့ပေးခြင်းသည် လေ့ကျင့်ရေးသို့မဟုတ် အဆင့်မြှင့်တင်ခြင်းတို့တွင် အဟန့်အတားဖြစ်စေနိုင်သည်။

သုတေသနအေဂျင်စီသည် ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ လေးသန်းခန့်ကုန်ကျသည်ဟု ခန့်မှန်းထားသည့် Patriot ဒုံးကျည်စနစ်များနှင့် ၎င်းတို့၏ ကြားဖြတ်ဒုံးကျည်များ၏ ကြီးမားသောဈေးနှုန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများလည်း ထွက်ပေါ်လာခဲ့သည်။ ရရှိနိုင်သည့် အချက်အလက်များအရ အသစ်ထုတ်လုပ်ထားသော Patriot တပ်ခွဲတစ်ခွဲသည် စနစ်အတွက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့်နှင့် ဒုံးကျည်များအတွက် အမေရိကန်ဒေါ်လာသန်း ၆၉၀ အပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်ကုန်ကျသည်ဟု CRS က ပြောကြားခဲ့သည်။

**US Congress urged to assess 'risks' of Patriot delivery to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားစစ်ဘက်က နျူကလီးယားနှင့် ဖျက်စွမ်းအားပြင်းလက်နက်များကိုတုံ့ပြန်ရန် တပ်ဖွဲ့အသစ်ဖွဲ့စည်းသွားမည်

တောင်ကိုရီးယား စစ်ဘက်သည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်နှင့် အခြားသောအစုလိုက်အပြုံလိုက် ဖျက်စွမ်းအားပြင်းလက်နက်(WMD)များကိုတုံ့ပြန်ရန် တပ်ဖွဲ့အသစ်စတင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။

ပူးတွဲစစ်ဦးစီးချုပ်များ (JCS) ရုံးက နျူကလီးယားနှင့် WMD ကို တုံ့ပြန်ရန်အတွက် တပ်ဖွဲ့အသစ်ဖွဲ့စည်းတည်ထောင်ခြင်းအထိမ်းအမှတ်အခမ်းအနားကျင်းပရန် စီစဉ်ထားပြီး အဆိုပါ မဟာဗျူဟာမြောက်ကွပ်ကဲဌာနချုပ်ကို အုတ်မြစ်ချလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် Kim Jong-un က နိုင်ငံ၏ နျူကလီးယားလက်နက်တိုက်ကို တိုးမြှင့်ရန်လိုအပ်ကြောင်းနှင့် ပြီးခဲ့သည့်သီတင်းပတ်က အာဏာရပါတီ အစည်းအဝေးအတွင်း နှစ်သစ်မှာ မိမိကိုယ်ကို ခုခံကာကွယ်မှုစွမ်းရည် မြှင့်တင်ရန် အစီအစဉ်များကို အသစ်ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ယခုသတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

JCS ရုံး မဟာဗျူဟာစီမံကွပ်ကဲမှုဌာနချုပ်လက်အောက်ရှိ နျူကလီးယားနှင့် WMD တုံ့ပြန်ရေးဗဟိုအဖွဲ့မှ ဆင်းသက်ပေါက်ဖွားလာခြင်းဖြစ်သည်။ သတင်းအချက်အလက်၊ စစ်ဆင်ရေး၊ အင်အား၊ တိုက်ပွဲဝင်တပ်ဖြန့်လုပ်ဆောင်မှု စသည်ဖြင့် ထပ်လောင်းလုပ်ဆောင်ချက်များပါရှိသော သီးခြားညွှန်ကြားရေးမှူးရုံးတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်လည်းဖြစ်သည်။

JCS ရုံး ဖွဲ့စည်းပြီးသည်နှင့် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် WMD ခြိမ်းခြောက်မှုများအပေါ် တုံ့ပြန်လုပ်ဆောင်နိုင်မည့် အလုံးစုံစစ်ဆင်ရေးများကို ဦးဆောင်ရန် မဟာဗျူဟာမြောက်ကွပ်ကဲမှုဌာနချုပ်တစ်ခုကိုပါ စတင်ဖွဲ့စည်းရန် တောင်ကိုရီးယားစစ်ဘက်ကစီစဉ်နေသည်။

JCS ရုံးရှိ ညွှန်ကြားရေးမှူးရုံးအသစ်သည် ၎င်း၏ ကာကွယ်ရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်ရန် တောင်ကိုရီးယား၏ ကြိုးပမ်းအားထုတ်မှုများကို ဦးဆောင်ပေးသွားမည်ဖြစ်ပြီး အာကာသ၊ ဆိုက်ဘာနှင့် လျှပ်စစ်သံလိုက်လှိုင်းသုံး နယ်ပယ်များတွင် ပေါင်းစပ်စီမံကွပ်ကဲကြီးကြပ်သွားမည်ဖြစ်ကြောင်း JCS က ပြောကြားခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို ချက်ချင်းတုံ့ပြန်နိုင်ရန်အပြင် ရန်သူကိုလွှမ်းမိုးတုံ့ပြန်နိုင်သည့် စွမ်းရည်များကို အစောပိုင်းအဆင့်တွင် တပ်ဖြန့်အသုံးပြုသွားနိုင်ရန် ကျွန်ုပ်တို့အားလုံးအစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဌာနချုပ်အသစ်၏ ပထမဦးဆုံးတပ်မှူးဖြစ်သူ ဗိုလ်ချုပ် Park Hu-Soung က ပြောကြားခဲ့သည်။

**S. Korea's military to establish new nuke, WMD response division amid N.K. threats ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ စစ်ဘက်ရပ်ကွက်များကို တိုက်ခိုက်ခဲ့



ယူကရိန်းတပ်ဖွဲ့များသည် ရုရှားသိမ်းပိုက်ထားသော Donetsk ဒေသရှိစစ်ဘက်ရပ်ကွက်များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ယူကရိန်းက Makiivka မြို့၏ နေရာဒေသများအပြင် အခြားနေရာများကိုပါ တိုက်ခိုက်ခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားခဲ့ကြသည်။ အဆိုပါညတွင် ယူကရိန်းတို့ဘက်မှ ဒုံးကျည် ၂၅ စင်းထက်မနည်း ပစ်ခတ်ခဲ့ကြောင်း ရုရှားနိုင်ငံမှ ခန့်အပ်ထားသော Donetsk ဒေသရှိ အုပ်ချုပ်ရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုတွင် အဓိကကျောက်မီးသွေးထုတ်လုပ်ရေးဗဟိုချက်မဖြစ်သည့် Makiivka မြို့တွင် လူ ၁၅ ဦး ထက်မနည်းဒဏ်ရာရခဲ့ကြောင်းနှင့် အမေရိကန်ထုတ် High Mo-bility Artillery Rocket System (HIMARS) ဒုံးကျည်များအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် TASS သတင်းဌာနက ဒေသခံအုပ်ချုပ်ရေးအရာရှိများ၏ပြောကြားချက်များကို ကိုးကား၍ ရေးသားထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါသတင်းအပေါ် မှတ်ချက်တစ်စုံတစ်ရာ ပြောကြားထားခြင်းမရှိသေးပေ။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်က ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ နေ့စဉ်အစီရင်ခံစာတွင် Makiivka ဧရိယာအပါအဝင် အမေရိကန်ထုတ် HIMARS ဒုံးကျည်ခုနစ်စင်းကို ပစ်ချဖျက်ဆီးနိုင်ခဲ့သည်ဟု ရေးသားထားသည်။

Donetsk ဒေသရှိ ရုရှားကျောထောက်နောက်ခံပြု အကြီးတန်းအရာရှိ Daniil Bezsonov က အသက်မွေးဝမ်းကျောင်း စာသင်ကျောင်းတစ်ကျောင်းကို ယူကရိန်းတို့တိုက်ခိုက်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ယူကရိန်းတို့ဘက်ကလည်း ကနဦးသတင်းများ၌ စစ်ဘက်လူနေထိုင်ရာရပ်ကွက်များအဖြစ် အသုံးပြုခဲ့သည်ဟု ရေးသားထားကြသည်။

အမေရိကန် အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်(MLRS) HIMARS ကျည်များ အသက်မွေးဝမ်းကျောင်း စာသင်ကျောင်းကို တိုက်ခိုက်ခံခဲ့ရပြီး သေဆုံးသူ၊ ဒဏ်ရာရရှိသူအရေအတွက် အတိအကျမသိရသေးကြောင်း၊ အဆောက်အအုံမှာဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ကြောင်း Bezsonov က Telegram ရုပ်သံလိုင်းတွင် ပြောကြားခဲ့သည်။

**Ukraine shells Donetsk, hitting military quarters –officials ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing attends ceremony to award medals and certificates of honor for military gallantry



Senior General Min Aung Hlaing delivers a speech at the ceremony.



**Nay Pyi Taw January 3**

A ceremony to award medals and certificates of honor for military gallantry was held at Zeyathiri Beikman here this morning. Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing attended the ceremony and presented honorary medals and certificates.

Also present were Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Maha Thray Sithu Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Sithu Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Sithu Moe Aung and wife, Commander-in-Chief (Air) General Sithu Tun Aung and wife, senior military officers from Office of Commander-in-Chief and their wives, Union level officials and their wives, officer and other rank medal and certificate recipients and their heirs.



Senior General Min Aung Hlaing presents gallantry medal to Capt. Saw Yan Naung from No (319) Light Infantry Battalion.

In his address, the Senior General said gallant patriotic heroes emerged all along the course of Myanmar history.



Senior General Min Aung Hlaing greets the medal and certificate recipients.

Emergence of a large number of heroes who loved the race indicates the loyalty of citizens towards the country and race, and they were conferred on honorary titles they deserved.

The Tatmadaw is a Union armed forces established during the independence struggle. It is the Tatmadaw that had restored the independence and is protecting it.

The early post-independence period witnessed the country's sovereignty and *See Page 13*



Senior General Min Aung Hlaing presents gallantry medal for Lance Corporal Phone Naing Oo from No (139) Infantry Battalion to his father Warrant Officer II Khin Latt.



Senior General Min Aung Hlaing presents gallantry medal for Lt-Col Kyaw Zeyar Tun from Taungoo Air Base to his wife Daw Win Pa Pa Phyo.



Senior General Min Aung Hlaing presents gallantry certificate for Maj Htet Aung Khaing from No (87) Infantry Battalion to his wife Daw Aye Wah Zin Phyo.


Senior General Min Aung Hlaing presents honorary certificate to Col Ngwe Min Htaik from Directorate of Artillery.


Senior General Min Aung Hlaing presents honorary certificate for Lt-Col Zaw Lin Tun from No (14) Infantry Battalion to his wife Daw Thae Thae Lay.


Senior General Min Aung Hlaing presents honorary certificate to Warrant Officer I Kyaw Myo Khaing from No (4) Defence Equipment Factory.

*From Page 12*
existence in critical situation. The Tatmadaw exerted utmost efforts for the country and people to maintain independence and sovereignty of nation. It had sacrificed lots of lives to safeguard the country from losing independence once again and the Union from disintegration due to multi-colour insurgency.

The Tatmadaw has been serving the national interest in accord with the 12 traditions while placing in the fore the Four Oaths from the time the country regained independence to the present day. In fact, the Tatmadaw always fulfilled the actual requirements in shouldering the national duty throughout the successive eras.

On every Independence Day, the State and Tatmadaw honored the persons who sacrificed life and sweat in serving the historic duties with great courage, and it is the work of honoring the ones who deserve honor.

At this ceremony, gallantry medals will be conferred on 32 recipients, gallantry certificates of the Commander-in-Chief of Defence Services on two recipients, and honorary certificates of the Commander-in-Chief of Defence Services on 39 recipients. At the same time, respective commanders of military commands, on behalf of the Commander-in-Chief of Defence Services, will confer Yebala medal on 181 recipients, medal for excellence performance in management field on 110 recipients, medal for excellence performance in social field on 12 recipients, medal for excellence performance in industrial field on four recipients, medal for excellence performance in service field on 10 recipients, medal for excellence performance in science field on four recipients, medal for excellence performance in medical field on one recipient, medal for excellence performance in technological field on 74 recipients, gallantry certificates of the Commander-in-Chief of Defence Services on 136 recipients, and honorary certificates of the Commander-in-Chief of Defence Services on 404 recipients.

Recipients should strive to hand down the invaluable essence of the military gallantry medals and certificates to new generation, to serve their assigned national defence and nation-building duties well, to become good soldiers with the awareness of the essence of independence and the conviction to always safeguard Our Three Main National Causes.

The Senior General then conferred gallantry medals on 32 recipients, gallantry certificates of the Commander-in-Chief of Defence Services on two recipients, and honorary certificates of the Commander-in-Chief of Defence Services on 39 recipients.

The Senior General and party posed for documentary photos together with the officers, other ranks and heirs who secured military gallantry honorary medals and certificates.

The Senior General and party hosted tea in honour of the medal and certificate recipients. Myawady music band entertained them with songs.

After the ceremony, the Senior General and party cordially greeted the recipients.

Up to January 2022, the number of military gallantry medals and certificates winners totalled six Aung San Thuriya title winners, 51 Thiha Thura title winners, 554 Thura title winners, six Thiha Bala medal winners, 1860 gallantry record winners, 2,050 gallantry medal winners, 339 winners for gallantry certificate of the Supreme Commander, 3125 winners of gallantry certificate of the Commander-in-Chief of Defence Services, nine winners of honorary certificate of the Supreme Commander and 2351 winners winners of honorary certificate of the Commander-in-Chief of Defence Services. 100


Senior General Min Aung Hlaing hosting a tea party.

# Australia helicopter collision: We need to know what happened in cockpits - officials

**Canberra January 3**

Investigators are still trying to work out what caused a deadly mid-air collision between two helicopters on Australia's Gold Coast, officials say.

A British couple and two Australians died in the crash on Monday near the Sea World resort in Queensland.

Three others - including two children - were seriously injured in the crash.

Officials say it happened less than 20 seconds after one helicopter took off from a sandbar and collided with another aircraft that was landing.

"What we do need to know now is what was occurring inside those two cockpits at the time," air safety commissioner Angus Mitchell said.

All those killed and critically injured were in the ascending helicopter, which crashed within seconds after its main rotor blade struck the cockpit of the other aircraft.

The second helicopter landed upright on the sandbank. Five of the six people on board suffered minor injuries.

The landing was a "remarkable achievement" given the helicopter was damaged "where the pilot was sitting", Mr Mitchell said.

"We are very fortunate that we're not standing here with far more deaths," he told reporters on Tuesday.

The UK victims were Diane and Ron Hughes from Merseyside - aged 57 and 65 - who were married and had next of kin in Australia.

Australian media reported that 36-year-old Vanessa Tadros also died in the crash, and her 10-year-old son was among the survivors taken to hospital in a critical condition.

The fourth fatality was 40-year-old Ashley Jenkinson, an experienced Sea World Helicopters pilot who lived in the area. The Brisbane Times reported he was originally from England.

BBC

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win meets cultural troupes, students who will participate in Diamond Jubilee Independence Day celebration


Vice-Senior General Soe Win greets the students.

**Nay Pyi Taw January 3**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win visited and cordially greeted the ethnic cultural troupes from various regions and states staying at Nay Pyi Taw Sports Training Centre, and the students staying at Nay Pyi Taw Transit and Guesthouse (Ywadaw) this evening prior to their participation in the 75th Anniversary Diamond Jubilee Independence Day celebration.


Vice-Senior General Soe Win presents a Pathein parasol to a student.

First, the Vice-Senior General arrived at Gold Medal Hall of Nay Pyi Taw Sports Training Centre where he met with the ethnic traditional cultural troupes from the regions and states and spoke words of encouragement.

Next, the Vice-Senior General, Union Ministers U Maung Maung Ohn, U Ko Ko and U Min Thein Zan, Nay Pyi Taw Council Chairman U Tin Oo Lwin, Ayeyawady Region Chief Minister U Tin Maung Win and Deputy Minister U Myo Hlaing presented Pathein parasols to the ethnic cultural troupes.

Then, the Vice-Senior General viewed the hostels where the ethnic cultural troupes are staying, and gave necessary instructions to officials.

Afterwards, the Vice-Senior General and party went to Nay Pyi Taw Transit and Guesthouse (Ywadaw) where the students who are participating in the Independence Day celebration are staying. He cordially greeted and encouraged them.

Then, the Vice-Senior General, Union Ministers U Maung Maung Ohn, U Ko Ko, Dr Myo Thein Kyaw and U Min Thein Zan, Nay Pyi Taw Council Chairman U Tin Oo Lwin, and Deputy Ministers Dr Zaw Myint and U Zaw Win presented Pathien parasols to the students.

Later, the Vice-Senior General and party looked round the hostels where the students are staying and the mess hall. He stressed the need for officials to arrange meals and accommodation for the convenience of the students and provide other requirements.

100


Vice-Senior General Soe Win greets the cultural troupes.

# 2,782.956 tons of fuel imported from April to October 2022

**Nay Pyi Taw January 3**

A total of 2,782.956 tons of fuel was imported from April to October 2022 of the 2022-23 fiscal year, said U Aung Pyaw Sone, central executive of Myanmar Fuel Importer and Distributer Association.

Myanmar imported 168.377 tons of fuel in April, 318.716 tons in May, 352.061 tons in June, 304124 tons in July, 411.545 tons in August, 451.363 tons in September, 402.496 tons in October and 374.274 tons in November, totalling 2,782.956 tons.


A tanker docked at Yangon port.

"During 11 months period in 2022, 271 fuel tankers docked at jetties of Thilawa and they unloaded 4,269.954 tons," said U Aung Pyaw Sone.

At present, fuel tankers can dock at eight jetties at Thilawa terminal which can store 76 million gallons of diesel and 95 million gallons of petroleum.

The association manages distribution of fuel to regions and states depending on demands. Some regions and states are allowed to import fuel through border lands with the recommendations of the relevant region and state governments.

ASH

# Air quality to be tested at three sites near Mekong River

**Tachilek January 3**

Myanmar and Chinese authorities will conduct testing of air quality at three sites near Mekong River, said assistant director U Kyaw Thura of Shan State government.

The air quality test will start in three sites near Mekong River in eastern Shan State in January 2023 with the Lancang-Mekong cooperation fund.

"The project will cover air quality test and assessment on transnational smog as part of prevention impacts on hazard of local people from Myanmar, Thailand and Laos," he added.

China will share techniques and experiences of testing air quality with Myanmar. The project aims to conserve ecosystem in Myanmar similar to other Lancang-Mekong region countries, ensure prosperity and peace of the region as well as to implement sustainable development and raising of public interests through the Lancang-Mekong cooperation fund.

ASH

# မအူပင်မြို့နယ်တွင် ဒေသထွက်ဖရဲသီးတစ်လုံးလျှင်ငွေကျပ် ၃၀၀၀ ထိ ဈေးကောင်းရနေ



**မအူပင် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဒေသထွက် ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့ရှိ သစ်သီးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုကာလသည် ဖရဲသီးများပေါ်သည့်ကာလဖြစ်ပြီး ယခင်နှစ်က ဒေသထွက် ဖရဲသီးတစ်လုံးလျှင်ငွေကျပ် ၈၀၀ မှ ၁၅၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိ ဇန်နဝါရီလအတွင်း ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဒေသထွက် ဖရဲသီးများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသမှာက မိုးနှောင်းကာလကစိုက်ခဲ့တဲ့ဖရဲသီးတွေ စတင်ပေါ်နေချိန်ဖြစ်ပါတယ်။ မနှစ်က ဖရဲသီးပေါ်ချိန်ထက် အခုနှစ်ဈေးကောင်းရရှိနေပါတယ်။ ဒီနှစ်ဖရဲစိုက်တဲ့သူနည်းတာရယ်၊ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာရယ်ကြောင့် ဖရဲသီးတွေဈေးကောင်းရနေတာဖြစ်ပါတယ်။ လက်ရှိဒေသထွက် ဖရဲသီးတွေဈေးကောင်းလည်းရသလို ဝယ်လိုအားကလည်းသွက်နေတယ်။ လက်ရှိဖရဲခူးဆွတ်ချိန် အချိန်ကိုက် ဖရဲသီးဈေးကောင်းရတော့ ဖရဲစိုက်ပျိုးတောင်သူတွေအဆင်ပြေကြပါတယ်။ အချို့တောင်သူတွေလဲ ဖရဲဈေးကောင်းရတာတွေ့လို့ ဆောင်းဖရဲစိုက်ဖို့လုပ်နေကြပါတယ်"ဟု မအူပင်မြို့ရှိ သစ်သီးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခင်နှစ်မိုးနှောင်းကာလက ဖရဲသီးကို မြေနုကျွန်းကျေးရွာ ၁၁ ရွာတွင် အများဆုံးစိုက်ပျိုးခဲ့ကြပြီး ထွက်ရှိသည့်ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချကြောင်း၊ အဆိုပါဒေသတွင် ဒေသခံတောင်သူတစ်ဦးလျှင် ဖရဲတစ်ဧကမှ ငါးဧကထိ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပူတာအိုမြို့နယ်တွင် ဘေလီတံတားနှင့် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ပူတာအို ဇန်နဝါရီ ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပူတာအိုမြို့နယ်တွင် ဘေလီတံတားနှင့် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဝင်းသန့်အောင်နှင့် တာဝန်ရှိသူများက ပူတာအိုမြို့နယ် ပမွတီး-နမ်ရှယ်-မလိခေါင်ကျေးရွာ ချင်းဆက်လမ်းပေါ်တွင် ဘေလီတံတားတည်ဆောက်နေမှုအခြေအနေများနှင့် ပူတာအိုလွင်ပြင်ပတ်လမ်းပေါ်တွင် သံကူကွန်ကရစ် တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ပူတာအိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

ပူတာအိုမြို့နယ် ပမွတီး-နမ်ရှယ်-မလိခေါင် ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည် ပေ ၈၀၊ အကျယ် ၁၄ ပေရှိ ဘေလီတံတားတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၅၀၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် မလိခမိသားစုကုမ္ပဏီက စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး၊ ပူတာအိုလွင်ပြင်ပတ်လမ်းပေါ်တွင် အရှည် ပေ ၃၀၊ အကျယ်၂၄ ပေရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၇ ဒသမ ၉၈ သန်းဖြင့် မလိခမိသားစုကုမ္ပဏီက အောက်တိုဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါတံတားများပြီးစီးပါက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။



**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုးကုတ်မြို့နယ်၌ ရွှံ့တောကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကုတ် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှံ့တောကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့က ရွှံ့တောကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၇ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့သည်။

ရွှံ့တောကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အခမ်းအနားသို့ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ ရွှံ့တောကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃-၁-၂၀၂၃**

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၅၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |

**(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းနှီးနွေးထွေးစွာနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်သည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ရရှိသူ ခြောက်ဦး၊ သီဟသူရဘွဲ့ ရရှိသူ ၅၁ ဦး၊ သူရဘွဲ့ရရှိသူ ၅၅၄ ဦး၊ သီဟဗလတံဆိပ်ရရှိသူ ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရရှိသူ ဦးရေ ၁၈၆၀၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ရရှိသူ ဦးရေ ၂၀၅၀၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၁၂၅ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ကိုးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ၂၃၅၁ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် အမှတ်(၁၅) ခြေမြန်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်၊ တ-၃၁၉၈၀၄ ဒုတိယတပ်ကြပ် သာထွန်းအောင် ကိုယ်စား ဇနီး ဒေါ်ခိုင်ခိုင်အား ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသည့် အမှတ်(၂၆၈) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၃၅၉၆၇ ဗိုလ်မှူးကြီးဇေမျိုးပိုင် ကိုယ်စား ဇနီး ဒေါ်မေစိုင်မွန်အား သူရဲကောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

၆။ ဒေါက်တာဘဒ္ဒန္တတေဇိန္ဒ၊ မိုးကုတ်ပရိယတ္တိပဋိပတ္တိတေဇိန္ဒဝိဟာရကျောင်းတိုက်၊ အမှတ်(၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဥတ္တမ၊ ရွှေတောင်ဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါက်တာဘဒ္ဒန္တစိန္တာမယ၊ ဆေးရိုးပင်သဲအင်းဂူရိပ်သာကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဒေဝိန္ဒ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဟိုပန်မြို့၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်
၁၀။ ဘဒ္ဒန္တနာယက၊ မင်းကျောင်းထာဝရဓမ္မရိပ်သာကျောင်းတိုက်၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၁။ ဘဒ္ဒန္တမဟိန္ဒ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အထက်ပိုင်းရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဝဏ္ဏသိရိ၊ သာသနအောင်မြေပဋိပတ္တိကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝေပုလ္လာစာရ၊ အောင်ဇမ္ဗူကျောင်းတိုက်၊ ပင်လုံရပ်ကွက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသြဘာသ၊ စိတ္တသုခကျောင်းတိုက်၊ ကမ္ဗုဇ္ဇာကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသံဝရာစာရ၊ သီရိမဂ္ဂာတောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ နန့်ကျင်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဝါယမိန္ဒ၊ ဂန္ဓဝင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ နန်းကင်ကျေးရွာ၊ အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ရှင်ဇလွန်ဘုရားကြီး(မြို့ဟောင်းအရှေ့)ကျောင်းတိုက်၊ မြို့ဟောင်းကျေးရွာ၊ လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတိလောက၊ စိန်ရောင်ခြည်ကျောင်းတိုက်၊ သပြေချောင်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တအဂ္ဂေါဘာသ၊ မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်းတိုက်၊ သိုက်ချောင်းကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၆။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရုံးရပ်ကွက်၊ မြူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပဏ္ဍိတ၊ ပဏ္ဍိတာရာမရွာမကျောင်းဓမ္မရိပ်သာကျောင်းတိုက်၊ ဝင်းခနိမ်ကျေးရွာ၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာတေဇ၊ သီရိမင်္ဂလာအရှေ့ကံဆွယ်ကျောင်းတိုက်၊ မြင်တင်ရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဇဝန၊ မုန်ကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မုန်ကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တကဝိန္ဒ၊ ကဝိရတနာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်
၁၁။ ဘဒ္ဒန္တဝိလာသ၊ မိုးညှင်းဝိပဿနာတိုက်သစ်ကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအရိယဝံသ၊ နောင်ဆိုင်ကျောင်းတိုက်၊ နောင်ဆိုင်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်
၁၃။ ဘဒ္ဒန္တဝိစက္ခဏ၊ မြစည်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဗထူးရပ်ကွက်၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသြဘာသ၊ စိတ္တသုခကျောင်းတိုက်၊ ကမ္ဗုဇ္ဇာကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးအောင်တိုး၊ အမှတ်(ဃ-၂၄)၊ အကွက်(၆၃၉)၊ (၃၄×၃၅)လမ်းကြား၊ (၇၈×၇၉)လမ်းကြား၊ ရွှေချည်ထိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါက်တာခင်မောင်ထွန်း၊ အမှတ်(၁၁၇/၂)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးဇော်ဝင်း၊ အမှတ်(၇၃)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဦးမောင်မောင်၊ အမှတ်(၂)၊ ကြယ်စင်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၃၀)၊ ပြည်လမ်း၊ ကြက်သွန်ခင်း(၁)ရပ်ကွက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၂။ ဒေါ်မြသိန်း၊ အမှတ်(၂၆၉)၊ (၂၈)လမ်း၊ (၈၂×၈၃)လမ်းကြား၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဒေါ်သင်းသင်း၊ အောင်မြင်သူလမ်းသွယ်၊ (၂၂×၂၃)လမ်းကြား၊ (၈၆×၈၇)လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

### သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးရဲထွန်း(ခ)ဦးရဲတင်ထွဋ်၊ အမှတ်(၁၆)၊ အောင်မင်းခေါင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ဦးလှအေး(ခ)ဦးအားတီ၊ အမှတ်(၄/၁၀၉)၊ ခတ္တာလမ်း၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်
၃။ ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ ကျူဖန်ကျေးရွာ၊ လောက်ကိုင်မြို့နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

### သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်နန်းမြင့်မြင့်ဝင်း၊ ငွေဟသာ်ဘုရားလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၂။ ဒေါ်ခင်မာချို၊ အမှတ်(၃၉၄/က)၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်အေးမြလွင်၊ အမှတ်(၂၉/၃၀)၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဒေါ်သင်းသင်းလှိုင်၊ အမှတ်(၁၅၉/၁၆၀)၊ ကျောက်စိမ်းရတနာ(၂)လမ်း၊ သန်လျင်ရတနာအိမ်ရာ၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

### သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမောင်မောင်(ခ)ဦးဝေမောင်မောင်၊ အမှတ်(၁/၅)၊ (၆၅)လမ်း၊ (၁၀၂×၁၀၃)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးတင်မြ၊ အမှတ်(၁၉၄/၁၉၅)၊ ဝေဟင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးအိုက်ဆမ်(ခ)ချောင်ဟိုက်၊ အမှတ်(၂၇၃)၊ ဟိုကတ်ရပ်၊ ရပ်ကွက်(၄)၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်

### သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်မြင့်မြင့်၊ အမှတ်(၁၁/၁၂)၊ ဗိုလ်ချုပ်လမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂။ ဒေါ်ဥမ္မာသန်း၊ အမှတ်(၁၁၇/၂)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်အိအိမင်း(ခ)ဒေါ်ပန်းအိ၊ အမှတ်(၉၁၅)၊ အောင်သစ္စာလမ်း၊ အမှတ်(၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဒေါ်သီတာဦး၊ အမှတ်(၇၄)၊ သုမင်္ဂလာ(၃)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမြင့်အောင်၊ အမှတ်(၃၂)၊ A-3 လမ်းနှင့် သာယာဝတီမင်းကြီးလမ်း၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးဝေလွင်ဖြိုး၊ အမှတ်(မ-၃၈/၇)၊ (၅၂)လမ်း၊ (၄၂×၄၃)လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးစိုးဝဏ္ဏ၊ အမှတ်(၃၂)၊ (၅၄×၅၅)လမ်းကြား၊ (၃၉×၄၀)လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ကုမာရာ(ခ)ဦးမောင်မောင်ဆန်း၊ အမှတ်(၁၈၂/၁၈၄)၊ ရွှေဘုံသာအလယ်လမ်း၊ အမှတ်(၇) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဦးစံရွှေမြင့်(ခ)ဦးလှအေး၊ အမှတ်(၄၄၃)၊ မြသီတာလမ်း၊ အမှတ်(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးကောင်းထက်ရိုး၊ အမှတ်(၁၀)၊ ဇီဇဝါလမ်း၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးထွန်းရွှေ၊ အမှတ်(ဈ/၄၆)၊ အနောက်မြို့ပတ်လမ်း၊ ဈေးတန်းရပ်ကွက်၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်

### သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်သွဲ့လေးအောင်၊ No.A(14/15)၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်
၂။ ဒေါ်ဆွေဆွေဝင်း၊ အမှတ်(၁)ကန်တော်လမ်းနှင့်(၅)လမ်းထောင့်၊ အမှတ်(၁၂)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၃။ ဒေါ်ယုယုဝင်း၊ အမှတ်(၂၅/က)၊ (၂၆-ဘီ)လမ်း၊ (၈၈×၈၉)လမ်းကြား၊ ဆိုင်းတန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ကြာညို(ခ)ဒေါ်မြကြာညို၊ ကျူတောဝကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်နုနုစိန်၊ အမှတ်(၆၁၉)၊ အေတူး၊ ကြယ်စင်အိမ်ရာ၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဒေါ်သီတာဝင်း၊ အမှတ်(င/၁၁၄)၊ ရုံးဟောင်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါ်မိုးမြတ်သူ၊ အမှတ်(၁၄၀)၊ W-905, W-907, M-909 Sanchaung Garden Residence ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဒီးဒုတ်စင်ကျေးရွာ လူသတ်မှု"** ခေါင်းစဉ်ဖြင့် ၄-၁-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေး လုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်း မရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာ မြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၁၂ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

၁။ Mr.Taro Aso — Former Prime Minister of Japan

**စည်သူဘွဲ့**

၁။ ဦးခင်မောင် — နိုင်ငံတော်ကောင်စီဝင်

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

၁။ Mr.Sun Guoxiang — Special Envoy for Asian Affairs, Ministry of Foreign Affairs, The People's Republic of China
၂။ ဦးမထုနော် — ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကောင်းခါးပြည်သူ့စစ်(ဌာနေ)အဖွဲ့

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ကြီး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂။ | ဦးတင့်လွင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ | ဦးဝင်းလှိုင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၄။ | ဦးအောင်သိန်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ | ဦးခင်စိုး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၆။ | ဦးခင်မောင်အေး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၇။ | ဦးဇော်ထွန်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၈။ | ဦးဝင်းမောင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၉။ | ဦးအောင်ခင်စိုး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၀။ | ဦးခင်လတ် | အမြဲတမ်းအတွင်းဝန် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး |
| ၁၁။ | ဦးဇော်သန်းသင်း | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး |
| ၁၂။ | ဦးကျော်စိုး | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုလွှတ်တော်ရုံး |
| ၁၃။ | ဦးတင်ဝင်းအောင် | အမြဲတမ်းအတွင်းဝန် | ပြည်သူ့လွှတ်တော်ရုံး |
| ၁၄။ | ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး | အမြဲတမ်းအတွင်းဝန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဦးမျိုးမြင့်မောင် | အမြဲတမ်းအတွင်းဝန် | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၆။ | ဦးဝင်းခန့် | အမြဲတမ်းအတွင်းဝန် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဦးမျိုးအောင် | အမြဲတမ်းအတွင်းဝန် | နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| ၁၈။ | ဗိုလ်မှူးဗဟာဒူး (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်ကြီးတင်အောင် (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၀။ | ဦးအေးမောင်ကြီး | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်ကြီးမောင်မောင် (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၃။ | ဒေါ်ဂျနီဖာတင်လေး | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၄။ | ဦးဂျင်မီခရမ်တန် | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၅။ | ဦးဆွမ်ဘွေဂမ် | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၆။ | ဒေါ်သန်းသန်း | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၇။ | ဒေါ်မာမာခင်း | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၈။ | ဒေါ်ခင်ခင်ထွေး | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၉။ | ဗိုလ်ကြီးစန်းမြင့် (ငြိမ်း) | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၀။ | ဦးအောင်ကြီး | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၁။ | ဗိုလ်ကြီးထွန်းမောင် (ငြိမ်း) | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၂။ | ဗိုလ်ကြီးကျော်သက် (ငြိမ်း) | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၃။ | ဗိုလ်ကြီးတင်မောင်နီ (ငြိမ်း) | ရေကူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၄။ | ဗိုလ်မှူးကျော်ရှိန် (ငြိမ်း) | သေနတ်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၅။ | ဦးမြင့်အောင် | ကျွမ်းဘား | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၆။ | ကျားဘာငြိမ်း | လက်ဝှေ့ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၇။ | ဦးမြအေး | ဂေါက်သီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၈။ | ဒေါ်ခိုင်ခိုင်မော် | ဝူရှူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၉။ | စိုင်းအောင်လှိုင်မြင့် | စေတနာရှင်၊ မြစ်ကြီးနားမြို့နယ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၀။ | ဗိုလ်မှူးဒေါ်ခင်အုန်းမြ | တပ်မတော်ဆေးရုံ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်အမ်ယောနမ် | အထက်တန်းသူနာပြု | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်သိန်းရီ | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၃။ | စနိုင်နိုင်ထွန်း | သူနာပြုကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၄။ | မီးပုံးပျံဦးကျော်ရင် | ထင်ပေါ်ကျော်ကြားသူ | |

**အလင်္ကာကျော်စွာဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ရွှေဥဒေါင်း | စာရေးဆရာ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂။ | နန္ဒာသိန်းဇံ | စာရေးဆရာ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ဦးညီမြ | စာရေးဆရာ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၄။ | ဦးအောင်ကြိုင်(မင်းဘူး) | သမိုင်းပညာရှင် | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၃၉၅ | ၂၇၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၆၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၅ | ၂၃၇၀ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၆၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၅ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၅ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၂ | ၂၀၆၆ |
| 95 Ron | ၂၀၅၉ | ၂၁၃၄ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (50 ppm) | ၂၃၂၉ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၉ | ၂၄၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ ညနေပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ တည်းခိုနေထိုင်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)၌ တည်းခိုနေထိုင်ကြသော ကျောင်းသား၊ကျောင်းသူများကို ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Medal Hall သို့ရောက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုယိမ်းအဖွဲ့များကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကိုနှင့် ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ပုသိမ်ထီးများ အမှတ်တရလက်ဆောင်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များတည်းခိုနေထိုင်သည့် အိပ်ခန်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)သို့ ရောက်ရှိပြီး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာမျိုးသိမ်းကျော်နှင့် ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပုသိမ်ထီးများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများတည်းခိုနေထိုင်သည့် အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး စားသောက်နေထိုင်မှု အဆင်ပြေချောမွေ့စေရေးနှင့် အခြားလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပုသိမ်ထီးများအမှတ်တရလက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောင်းသား၊ ကျောင်းသူများတည်းခိုနေထိုင်သည့်အိပ်ဆောင်များနှင့်စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် ကျောင်းသား၊ ကျောင်းသူများ ညစာသုံးဆောင်နေမှုကိုတွေ့ရစဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပစဉ်။





မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ တစ်ချိန်တည်း တစ်ပြိုင်တည်း အသီးသီးကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ် ချီးမြှင့်ခြင်း အခမ်းအနား ကျင်းပစဉ်။





အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ် ချီးမြှင့်ခြင်း အခမ်းအနား ကျင်းပစဉ်။



# (၇၅)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းနေ့ (no)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့၌ စက်ဘီးစီးပြိုင်ပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲ ဆုပေးပွဲများကျင်းပပြုလုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်ဘီးစီးပြိုင်ပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲ ဆုပေးပွဲတို့ကို ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ လားရှိုးတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် ဆုရအားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် မီနီမာရသွန်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင်ဆုရအားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တန့်ယန်းတပ်နယ်၌လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီနီမာရသွန်ပြိုင်ပွဲအား ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်နှင့် ယနေ့တို့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၅၂၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၉၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးစဉ်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



အမ်းမြို့ရှိ ကျောက်ကြီးဘုန်းတော်ကြီးကျောင်းဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလ အတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အောင်ဇမ္ဗူ ပဒိုင်းစာသင်တိုက်၊ မိုးနဲမြို့ရှိ ဝိဇ္ဇာရိယ ဘုန်းတော်ကြီးကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့အတွင်းရှိဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ သရဏ္ဍါရာမကျောင်းနှင့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ တောင်သုံးလုံးဦး သာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဓမ္မနန္ဒပရိယတ္တိ ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ကျောက်ကြီးတောင်ဘုန်းတော်ကြီးကျောင်း၊ စစ်တွေမြို့နယ်ရှိ ကြို့တဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာ ရပ်ကွက်ရှိ မြဝတီသီလရှင်စာသင်တိုက်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ်မှ တာဝန်ရှိသူများက မန်းရွှေစက်တော်ဘုရား အောက်ခြေတော်ရာ၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဉပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား မန္တလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများကိုလည်းကောင်း သွားရောက်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုများပေးအပ်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ရာပြည့်ခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် ဒိုးပတ်သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ တိုင်းအဆင့် အာဆီယံဉာဏ်စမ်းပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် နံရံကပ်စာစောင်များကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုများပေးအပ်ပွဲ ကျင်းပစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နမ့်စန်မြို့၌ လေးခရိုင်အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့် လွိုင်လင်မြို့နယ် (က)အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးခရိုင်အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲတို့ကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ မြို့နယ်အားကစားကွင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များမစတင်မီ နိုင်ငံကျော်တေးသံရှင်များနှင့် ရှမ်း၊ လားဟူ၊ ပအိုဝ်း၊ ယင်းနက်၊ ယင်းကျား၊ ကချင်နှင့် လီဆူ တိုင်းရင်းသားများက ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် နမ့်စန်မြို့နယ်အသင်းနှင့် လွိုင်လင်မြို့နယ်(က)အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြပြီး လွိုင်လင်မြို့နယ်(က)အသင်းက နမ့်စန်မြို့နယ်အသင်းကို ပင်နယ်တီ လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းနောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ အကောင်းဆုံးကစားသမားဆုရရှိသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော လွိုင်လင်မြို့နယ်(က)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ဒိုင်းဆုတို့ကို အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဇန်နဝါရီ ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

ဇန်နဝါရီ ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၃၈၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၆၉၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၃၂၅ ဦး |

# နိုင်ငံတော်က စာပေပညာရှင် ၅၁ ဦးကို အလှူငွေကျပ် ငါးသိန်းစီ ထောက်ပံ့ချီးမြှင့်



**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်သည် မြန်မာစာပေဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ စာပေမျက်စိကို အလင်းဖွင့်ပေးရေးအတွက် ဆောင်ရွက်နေသည့် စာပေဗိမာန်နှင့် မြန်မာစာပေအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသည့် စာပေပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပခဲ့သည့် စာပေဗိမာန် ၇၅ နှစ်ပြည့် စိန်ရတုအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက စာပေရန်ပုံငွေအတွက် ငွေကျပ် ၂၂၁၅ သိန်းကို လှူဒါန်းခဲ့သည်။

အဆိုပါစာပေရန်ပုံငွေကို မြန်မာစာပေဖွံ့ဖြိုးရေးအကျိုးငှာ ဆောင်ရွက်သည့်လုပ်ငန်းများ ပိုမိုသွက်လက်စေရေး၊ စာပေဝန်ကို ထမ်းဆောင်နေသူ စာပေပုဂ္ဂိုလ်များကို အားဖြည့်ကူညီပေးရေးလုပ်ငန်းများတွင် အသုံးပြုသွားရန် ရည်ရွယ်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် စာပေဗိမာန်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင် ၅၁ ဦးကို ဖိတ်ကြား၍ နိုင်ငံတော်က လှူဒါန်းသော ငွေကြေးထောက်ပံ့ပွဲအခမ်းအနားကို စာပေဗိမာန်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စာပေပညာရှင် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီဖြင့် လှူဒါန်းငွေကျပ်စုစုပေါင်း ၂၅၅ သိန်းကို အမျိုးသားစာပေတစ်သက်တာဆု ရရှိသူများအနက် သက်ရှိထင်ရှားရှိနေသေးသူများ၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင်များ၊ စာပေဗိမာန်မှ သက်ပြည့်၊ နှစ်ပြည့် အငြိမ်းစားယူသွားပြီး စာပေအကျိုး ဆက်လက်ဆောင်ရွက်ပေးနေကြသူ ပညာရှင် ၅၁ ဦးထံ စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်က လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေပညာရှင်များကိုလည်း စာပေဗိမာန်က အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့သည်။

ဆက်လက်၍လည်း ကျန်ရှိသည့်စာပေရန်ပုံငွေကို မြန်မာစာပေလောကအကျိုးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးခြံတွင် DYL ဝက်၊ အသားစားကြက်၊ ဥစားကြက်နှင့် နို့စားနွားမွေးမြူရေးခြံများ၊ ကီလိုမာလကာ၊ ကွဲကော၊ တစ်သျှူးငှက်ပျောနှင့် ဟော်လန်သံပရာစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တိုင်းစစ်ဌာနချုပ်ပေါင်းစည်းလယ်ယာရှိ DYL ဝက်မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကေဗွီ ၂၃၀ ဘီလူးချောင်း(၂) - ရွှေမြို့ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ပိန္နဲတောဓာတ်အားခွဲရုံတို့ကို ဖောက်ခွဲဖျက်ဆီးမှုအခြေအနေများ သတင်းထုတ်ပြန်

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသောလျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကို အခြေခံ၍ မျှတစွာ ခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် NUGလက်ဝေခံ PDFအမည်ခံ အကြမ်းဖက်သမားများက ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်တွင် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ကေဗွီ ၂၃၀ ဘီလူးချောင်း(၂)- ရွှေမြို့ ဓာတ်အားလိုင်း၏ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်းရှိ တာဝါတိုင်နှစ်တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် နှစ်တိုင်ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း ရှစ်ကြိမ်နှင့် တာဝါတိုင်ပေါင်း ၁၈ တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။


၃။ အလားတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ပိန္နဲတော ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေဓာတ်အားခွဲရုံကို ဇန်နဝါရီ ၁ ရက် ည ၇နာရီ ၅၃ မိနစ်ခန့်တွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သဖြင့် ဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာနှင့် ဗို့အားတိုင်းထရန်စဖော်မာတို့ ထိခိုက်ပျက်စီးခဲ့ရပါသည်။ အဆိုပါဓာတ်အားခွဲရုံထိခိုက်ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများ အမြန်ဆုံးဓာတ်အားရရှိရေးအတွက် ပြင်ဆင်မှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂ ရက် ညနေ ၅ နာရီ၌ ပြင်ဆင်မှုများပြီးစီးခဲ့ပြီး ကျောက်ပန်းတောင်းမြို့သို့ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၄။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း ၂၁၇ ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



ကေဗွီ ၂၃၀ ဘီလူးချောင်း(၂) - ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင် ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကျောက်ပန်းတောင်းမြို့နယ် ၆၆/၁၁ ကေဗွီ ပိန္နဲတောဓာတ်အားခွဲရုံ ဗုံးပေါက်ကွဲမှုဖြစ်စဉ်၌ ထိခိုက်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

# မွန်ပြည်နယ် ဘီးလင်းမြို့တွင် ငွေကျပ် ငါးဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀၀ ဖမ်းဆီးရမိ




**နေပြည်တော် ဇန်နဝါရီ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့တွင် ငွေကျပ် ငါးဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့အဝင် စစ်ဆေးရေးဂိတ်၌ ကျိုက်ထိုဘက်မှ သထုံဘက်သို့ လှထွန်း(ခ) အုန်းမြင့် မောင်းနှင်ပြီး စိုင်းလွင်ဦးလိုက်ပါလာသည့် DYNA ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ငါးဘီလီယံ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ လက်လုပ်သေနတ်များနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်၊ စာပေသင်ကြားခြင်း မပြုလုပ်နိုင်ရန်နှင့် ၎င်းတို့ကို ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ KG မှ Grade-5 ထိ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ခန့်အား ဆရာ၊ ဆရာမ ၁၀ ဦးတို့က ကြိုးကြပ်ပညာသင်ကြားပေးမှုများ ဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဆရာ၊ ဆရာမများကို နှောင့်ယှက်ခြိမ်းခြောက်မှုများပြုလုပ်၍ မောင်းထုတ်ကာ ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်အဖွဲ့များ နေထိုင်ကြခြင်း၊ အကြမ်းဖက်သင်တန်းများဖွင့်လှစ်ခြင်းများ၊ ကျောင်းဝင်းအတွင်း လက်နက်၊ ခဲယမ်းများ ထုတ်လုပ်ခြင်း၊ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ယုတ်မာရိုင်းစိုင်းမှုကို ရွံရှာမုန်းတီးလျက်ရှိပြီး ကျောင်းဖွင့်လှစ်ပေးရန်လိုလားသော ကျောင်းသားမိဘများ၊ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်စွာ သတင်းပေးပို့ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မြကန်)သို့ သွားရောက်ရှင်းလင်းရှာဖွေခဲ့ရာ ကျောင်းဝင်းအတွင်းမှ လက်လုပ်သေနတ်(အရှည်) ခုနစ်လက်၊ လက်လုပ်ပစ္စတို တစ်လက်၊ လက်လုပ် RPG သုံးလက်၊ ၁၂ ဗို့ကျည် ၁၄၃ တောင့်၊ လက်လုပ်ရှေ့ထွက်မိုင်း ခြောက်လုံး၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ယမ်းမည်း နှစ်ပိဿာ၊ ဆားကစ်ပြား နှစ်ခု၊ ဆိုင်ကယ်ဘက်ထရီအိုး ၁၃ လုံး၊ ဝိုင်ယာကြိုးပေ ၃၀၊ နိုင်လွန်ကြိုးပေ ၃၀၀၊ ကြေးနန်းကြိုးပေ ၃၀၊ ဆေးထိုးပိုက် ခြောက်ချောင်း၊ ပြောက်ကျားဦးထုပ် ရှစ်လုံး၊ ပြောက်ကျားအင်္ကျီ တစ်ထည်၊ ကျည်ကာအင်္ကျီ သုံးထည်၊ ချိန်းဆော တစ်ခု၊ အင်ဗာတာ နှစ်လုံး၊ လမ်းလျှောက်စကား ပြောစက် ရှစ်လုံး၊ အားသွင်းခုံ နှစ်ခု၊ ဖောက်ခွဲဖျက်ဆီးရေးတွင် အသုံးပြုမည့် ဆိုင်ကယ်ဘောစေ့ အလုံး ၅၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။





ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မြကန်)ကျောင်းဝင်းအတွင်း လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်ပါ၍ တာဝန်ရှိသူများက ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျောင်းမဖွင့်လှစ်နိုင်ရန် ခြိမ်းခြောက်အကျပ်ကိုင်သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့နှင့် ပတ်သက်သောသတင်းများကို လျှို့ဝှက်စွာပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွာမ ရပ်ကွက်နေသူများဖြစ်သည့် ဖိုးခွား(ခ) ဖိုးသား၊ စိုင်းရဲဝင်းနိုင်(ခ)ဇွဲမာန်၊ ဇော်သန်းထွဋ်နှင့် ဈေးပိုင်းရပ်ကွက်နေ ရဲမာန်အောင်(ခ)ကျောက်ရိုင်းတို့ လေးဦးသည် ၎င်းတို့ အသုံးပြုသည့် “Phoe Thar” Facebook အကောင့်၊ “Zwe Man” Facebook အကောင့်၊ “Zaw Than Htut” Facebook အကောင့်နှင့် “Ye Man Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# စိန်ရတုလွတ်လပ်ရေးနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အပြစ်မဲ့ပြည်သူများ စုဝေးသည့်နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးနှင့် လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူဖမ်းဆီးရမိ



တရားခံ ကျော်မျိုးသူ



တရားခံ လှမိုး(ခ)လှမိုးအောင်



တရားခံ ကျော်ဆန်းအေး(ခ)အရှည်ကြီး

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။ ထို့ပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လွတ်လပ်ရေးနေ့တွင် အပြစ်မဲ့ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အများပြည်သူများ စုဝေးလျက်ရှိသည့်နေရာများတွင် ယုတ်မာရက်စက်သော အကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများလုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ တပ်ကုန်း PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသော ကျော်မျိုးသူအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်မျိုးသူ၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ဖမ်းဆီးရန်ကျန် တရားခံ လှမိုး(ခ) လှမိုးအောင်၏နေအိမ်၌ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ခြောက်တောင့်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ Keypad ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရသည့် ခလုတ် သုံးခု၊ Keypad ဖုန်း တစ်လုံး၊ ရီမု တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး တရားခံပြေး လှမိုး(ခ)လှမိုးအောင်အား တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာနှင့် ရွှေမြို့ကျေးရွာသွားလမ်းပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ လှမိုး(ခ) လှမိုးအောင်၏ ထွက်ဆိုချက်အရ ယင်းနေ့ ညပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများကို စောင့်ကြည့်၍ သတင်းပေးပို့နေသည့် ကျော်ဆန်းအေး(ခ)အရှည်ကြီးကို တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀) ရှေ့ရှိ ဆိုင်ကယ်ကယ်ရီဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံအမျိုးသား သုံးဦး၊ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ခြောက်တောင့်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ Keypad ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရသည့် ခလုတ် သုံးခု၊ Keypad ဖုန်း တစ်လုံး၊ ရီမု တစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ကျော်မျိုးသူသည် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ ဗညား(ခ)သီဟ၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာအနီး၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရသည်။





**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ တရားခံ လှမိုး(ခ)လှမိုးအောင်နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဗညား(ခ)သီဟသည် ဖယ်ခုံမြို့နယ်ဘက်မှ ၎င်းတို့နှင့် ဆက်စပ်မှုရှိသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များထံမှ ပေးပို့ခဲ့ခြင်းဖြစ်ပြီး ၎င်းပစ္စည်းများဖြင့် လွတ်လပ်ရေးနေ့တွင် အပြစ်မဲ့ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေရန် တပ်ကုန်းမြို့နယ်အတွင်း၌ အများပြည်သူများ စုဝေးလျက်ရှိသည့် နေရာများတွင် ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်ရန် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်တွင် လှမိုး(ခ)လှမိုးအောင်နှင့် ကျော်မျိုးသူတို့က ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်း၊ ကျော်ဆန်းအေး(ခ) အရှည်ကြီးက ဖောက်ခွဲရေးပြုလုပ်မည့် နေရာများနှင့် လုံခြုံရေးအဖွဲ့ဝင်များ၏ လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို စောင့်ကြည့်ခြင်းအား အသီးသီးတာဝန်ခွဲဝေပြုလုပ်သွားရန် စီစဉ်ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ကျော်မျိုးသူ၊ လှမိုး(ခ)လှမိုးအောင်နှင့် ကျော်ဆန်းအေး(ခ)အရှည်ကြီးတို့ သုံးဦးသည် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဗညား(ခ)သီဟ၏ ခိုင်းစေမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လွတ်လပ်ရေးနေ့တွင် အခမ်းအနားပြုလုပ်မည့် တပ်ကုန်းမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်နေရာကို လည်းကောင်း၊ မြဝတီရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းနေရာကိုလည်းကောင်း၊ တပ်ကုန်းမြို့မဈေးပတ်ဝန်းကျင်နေရာကို လည်းကောင်း၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ဘူတာလမ်းနေရာကိုလည်းကောင်း၊ တပ်ကုန်းမြို့ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀) ရှေ့ဝင်ပေါက်နှင့် မြောက်ဘက်ဝင်ပေါက်နေရာများကို လည်းကောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပါက လုံခြုံရေးတပ်ဖွဲ့ဝင်များ လာရောက်မည့် နွယ်ရစ်ကျေးရွာအဝင် တံတားထိပ်နေရာကိုလည်းကောင်း၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲပြုလုပ်မည့် လူစည်ကားရာနေရာများကို ယုတ်မာရက်စက်သောအကြံဖြင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေမှုအား အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နှင့်ရှာဖွေစစ်ဆေး ဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးရေးမဆောင်ရွက်နိုင်မီ အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

---

# ကျောက်ခဲကြီးကျေးရွာအနီးရှိ နာရေးအိမ်၌ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ သုံးဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ခဲကြီးကျေးရွာအနီးရှိ နာရေးအိမ်၌ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့နှင့် ဒေသခံပြည်သူများကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကျောက်ကြီးမြို့မှ ကျောက်ခဲကြီးကျေးရွာသွား ကားလမ်းအနီး လူကြီးရောဂါဖြင့် ကွယ်လွန်သည့် နာရေးအိမ်သို့ သွားရောက်၍ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာလာစဉ် KNU တပ်မဟာ(၃) အဖွဲ့နှင့် အကြမ်းဖက်သမားများက ၎င်းနေအိမ်၏ အနောက်တောင်ဘက်ရှိ နေအိမ်များအတွင်း အကာအကွယ်ယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါနာရေးအိမ်တွင် ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အပြစ်မဲ့ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## ဝန်ထမ်းအလိုရှိသည်

မန္တလေး၊ အောင်ပင်လယ်တွင် လုပ်ရန်အတွက်

| | | |
|---|---|---|
| **အိမ်အကူ** | **အမျိုးသမီး** | **(၁)ဦး** |
| **ခြံစောင့်** | **အမျိုးသား** | **(၁)ဦး** |

(အမြန်အလိုရှိသည်)

- အသက် (၂၅ နှစ် မှ ၄၀ ကြား)
- နေစားငြိမ်း
- လစာ ညှိနှိုင်း
- 09-797780219 , 09-970970832

CV Form ကို Viber မှတစ်ဆင့် ပေးပို့ထားနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ မောင်ရဲကျော်စွာ (ဘ) ဦးရဲမြင့်အောင် (၁၂/တကန(နိုင်)၂၁၂၇၀၈)(ပတ်စပို့နံပါတ်)(MG 483918)၏ ၂၀၂၄ ခုနှစ်အထိ သက်တမ်းရှိသော Overseas Worker Identification Card (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၇၇၃၆၄၇၇

## အများသိစေရန် ကြေညာခြင်း

ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အိမ်အမှတ် 52 ဖဖ/9 နေ (ဦးဇော်သိန်း+ဒေါ်ညိုတင်)တို့၏ သမီး ဒေါ်သီဂီအေး(၉/မရမ(နိုင်)၀၈၆၁၃၃)အား မိဘနှစ်ပါးဆုံးပါးချိန်မှစ၍ ကျွန်မ ဦးဝိုးအောင်+ဒေါ်နွယ်နွယ်ကျော့တို့မှ အုပ်ထိန်းစောင့်ရှောက်လာခဲ့ရာ ယခုအချိန်တွင် ဆုံးမမှုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော လူမှုရေးငွေရေးကြေးရေး ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**အုပ်ထိန်းသူများ**

**ဦးဝိုးအောင် + ဒေါ်နွယ်နွယ်ကျော့**

## “အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## အများသိစေရန်ကြေညာခြင်း

တယ်လီဖုန်းအမှတ် ၀၂-၄၀၂၁၂၅၅ အား ဦးဝေယံဦး အမည်မှ Classic Electrical & Engineering Co.,Ltd အမည်ဖြင့် ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း။

**Classic Electrical & Engineering Co.,Ltd**

**ဖုန်း: 09-977756194**

## အမည်ပြောင်း

(အဘ) ဦးစစ်ရဲထက် ၏သား၊ မန္တလေးမြို့၊ အောင်မြေ သာစံမြို့နယ်၊ Golden Sunflower Pre and Middle School၊ Grade-3 မှ မောင်စစ်ရဝိန္ဒု အား မောင်ရွှေဘုန်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရွှေဘုန်းအောင်**

**ဥတုရာသီ တောက်ပိုမှီ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

စာမျက်နှာ - ၁၉






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၃**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၀၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဥသံစီသူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု